ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

**ပထမအကြိမ် အမျိုးသားလွှတ်တော် (၁၂)ကြိမ်မြောက် ပုံမှန်အစည်းအဝေး**

(၅၄)ရက်မြောက်နေ့မှတ်တမ်း

**၁၃၇၇ ခုနှစ်၊ နယုန်လဆန်း ၁၁ ရက်**

**( ၂၀၁၅ ခုနှစ်၊ မေလ ၂၈ ရက် )**

**[ကြာသပတေးနေ့]**

**အချိန်၊ ၁၀း၀၀။**

နေပြည်တော်ရှိ အမျိုးသားလွှတ်တော် အစည်းအဝေးခန်းမတွင် ပထမအကြိမ် အမျိုးသားလွှတ်တော် (၁၂)ကြိမ်မြောက် ပုံမှန်အစည်းအဝေး (၅၄)ရက်မြောက်နေ့ အစီအစဉ်ကို နံနက် ၁၀း၀၀ နာရီအချိန်၌ စတင်ကျင်းပပါသည်။

[အမျိုးသားလွှတ်တော်ဥက္ကဋ္ဌအဖြစ် ဒုတိယဥက္ကဋ္ဌဦးမြညိမ်း က ဆောင်ရွက်ပြီး၊ အခမ်းအနားမှူးအဖြစ် ဦးကြည်မင်း၊ ညွှန်ကြားရေးမှူးချုပ် အမျိုးသားလွှတ်တော်ရုံးက ဆောင်ရွက်ပါသည်။]

## အမျိုးသားလွှတ်တော် ဒုတိယဥက္ကဋ္ဌ နေရာယူခြင်း

**အချိန်၊ ၁၀း၀၀။**

**အခမ်းအနားမှူး။** ။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ယခုအချိန်က စပြီး ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ပထမအကြိမ် အမျိုးသားလွှတ်တော် (၁၂)ကြိမ်မြောက် ပုံမှန်အစည်းအဝေးရဲ့ (၅၄)ရက်မြောက်နေ့ အစီအစဉ် စတင်ပါတော့မယ်ခင်ဗျား။

အမျိုးသားလွှတ်တော် ဒုတိယဥက္ကဋ္ဌ ကြွရောက်လာပါပြီခင်ဗျား။

[အမျိုးသားလွှတ်တော် ဒုတိယဥက္ကဋ္ဌ သည် ဥက္ကဋ္ဌ အတွက် သတ်မှတ်ထားသည့် စင်မြင့်ပေါ်သို့ ကြွရောက်နေရာယူပါသည်။]

**ဒုတိယဥက္ကဋ္ဌ။** ။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များနှင့် ဧည့်သည်တော်များ မင်္ဂလာအပေါင်းနှင့် ပြည့်စုံကြပါစေ။

**အခမ်းအနားမှူး။** ။ အားလုံးထိုင်နိုင်ကြပါပြီခင်ဗျား။

## အမျိုးသားလွှတ်တော် အစည်းအဝေး အထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာခြင်း

**အချိန်၊ ၁၀း၀၅။**

**ဒုတိယဥက္ကဋ္ဌ။** ။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်ကြီးများခင်ဗျား။ ဒီကနေ့ ကျင်းပတဲ့ ပထမအကြိမ် အမျိုးသားလွှတ်တော် (၁၂)ကြိမ်မြောက် ပုံမှန်အစည်းအဝေး (၅၄)ရက်မြောက်

နေ့မှာ လွှတ်တော်အခွင့်အရေး ကော်မတီရဲ့ တင်ပြချက်အရ အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိတဲ့ ကိုယ်စားလှယ်ဦးရေ စုစုပေါင်း(၂၁၅)ဦးရှိပြီး ဒီကနေ့အစည်းအဝေးကို(၁၇၈)ဦးတက်ရောက်ပါတယ်။

အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိတဲ့ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်ဦးရေ စုစုပေါင်း၏ (၈၂.၇၉) ရာခိုင်နှုန်းရှိပြီး တက်ရောက်တဲ့ ကိုယ်စားလှယ်ဦးရေဟာ အစည်းအဝေး အထမြောက်ရန် လိုအပ်တဲ့ ကိုယ်စားလှယ်ဦးရေ သုံးပုံတစ်ပုံထက် ကျော်လွန်တဲ့အတွက် အမျိုးသားလွှတ်တော်ဆိုင်ရာ ဥပဒေပုဒ်မ ၄၂ နဲ့ နည်းဥပဒေ ၂၀၊ နည်းဥပဒေခွဲ(ခ)တို့အရ အစည်းအဝေး အထမြောက်ကြောင်းနဲ့ အမျိုးသားလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၂၁၊ နည်းဥပဒေခွဲ(က)နဲ့(ဂ)တို့အရ အစည်းအဝေး စတင်ကျင်းပကြောင်း ကြေညာပါတယ်။ (ဩဘာသံများ)

## အစည်းအဝေး အစီအစဉ် ဖြန့်ဝေထားကြောင်း တင်ပြခြင်း

**အချိန်၊ ၁၀း၀၇။**

**ဒုတိယဥက္ကဋ္ဌ**။ ။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ အမျိုးသားလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၄၊ နည်းဥပဒေခွဲ(ခ) အရ ပထမအကြိမ် အမျိုးသားလွှတ်တော် (၁၂)ကြိမ်မြောက် ပုံမှန်အစည်းအဝေးရဲ့ (၅၄)ရက်မြောက်နေ့ အစီအစဉ်ကို အမျိုးသားလွှတ်တော် ကိုယ်စားလှယ်ကြီးများထံ ကြိုတင်ဖြန့်ဝေထားပြီး ဖြစ်ပါတယ်။

## အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ ခွင့်ပန်ကြားခြင်း

**အချိန်၊ ၁၀း၀၇။**

**ဒုတိယဥက္ကဋ္ဌ**။ ။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။ ဒီကနေ့ ခွင့်ပန်ကြားတဲ့ လွှတ်တော်ကိုယ်စားလှယ်များစာရင်းကို ဖတ်ကြားတင်ပြပါမယ်။

ဦးခင်မောင်ဌေး၊ မန္တလေး(၁၀)၊ ကိုယ်တိုင်ဆောင်ရွက်ရန်။ ဦးစိုးမြင့်၊ မကွေး(၆)၊ ဥပဒေကြမ်းပူးပေါင်း။ ဦးအောင်ချိုဦး၊ ပဲခူး(၁၁)၊ ကိုယ်တိုင်ဆောင်ရွက်ရန်။ ဦးတင်ယု၊ ရန်ကုန်(၁၁)၊ ဥပဒေကြမ်းပူးပေါင်း။ ဗိုလ်မှူးချုပ်အောင်ကျော်၊ တပ်မတော်၊ ဥပဒေကြမ်းပူးပေါင်း။ ဦးစိုင်းကျော်ဇောသန်း၊ ရှမ်း(၂)၊ ကျန်းမာရေးမကောင်း။ ဒေါက်တာအေးမောင်၊ ရခိုင်(၁)၊ ကိုယ်တိုင်ဆောင်ရွက်ရန်။ ဦးကျော်ကျော်၊ ရခိုင်(၂)၊ ကိုယ်တိုင်ဆောင်ရွက်ရန်။ ဦးခင်မောင်လတ်၊ ရခိုင်(၆)၊ ကိုယ်တိုင်ဆောင်ရွက်ရန်။ ဦးပေါ်လျှံလွင်၊ ချင်း(၉)၊ ကျန်းမာရေးမကောင်း။ ဦးကြည်ထွန်း၊ မကွေး(၁)၊ ကိုယ်တိုင်ဆောင်ရွက်ရန်။ ဒုတိယဗိုလ်မှူးကြီးရဲနိုင်ဦး၊ တပ်မတော်၊ ဥပဒေကြမ်းပူးပေါင်း။ ဦးမင်းဦး၊ ပဲခူး(၇)၊ ဥပဒေကြမ်းပူးပေါင်း။ ဦးသိန်းဆွေ၊ ဧရာဝတီ(၁၀)၊ ဥပဒေကြမ်းပူးပေါင်း။ ဦးဇော်မြင့်ဖေ၊ မန္တလေး(၅)၊ ဝန်ထမ်းအိမ်ရာ စစ်ဆေးရန်ကိစ္စ။ ဦးအောင်ထွန်း၊ မကွေး(၁၁)၊ ၎င်းအတိုင်း။ ဦးခက်ထိန်နန်၊ ကချင် (၁)၊ ဝန်ထမ်းအိမ်ရာ စစ်ဆေးရန်။ ဒေါ်နန်းနီနီအေး၊ ကရင်(၆) ၎င်းအတိုင်း။ ဦးမျိုးမြင့်၊ မန္တလေး(၆)၊ ၎င်းအတိုင်း။ ဒေါက်တာဝင်းမြင့်အောင်၊ စစ်ကိုင်း(၄)၊ ပါတီအစည်းအဝေးတို့ ဖြစ်ကြပါတယ်။

ယခု တင်ပြခဲ့တဲ့ ခွင့်ပန်ကြားချက်များအပေါ် ခွင့်ပြုဖို့ လွှတ်တော်က သဘောတူပါသလား ခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောတူတဲ့အတွက် ခွင့်ပန်ကြားချက်များကို လွှတ်တော်က ခွင့်ပြုကြောင်း ကြေညာပါတယ်။

**အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ အစည်းအဝေး တက်ရောက်မှု အခြေအနေကို မှတ်တမ်းတင်ခြင်း**

**အချိန်၊ ၁၀း၁၀။**

**ဒုတိယဥက္ကဋ္ဌ။** ။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ ဒီကနေ့ ပထမအကြိမ် အမျိုးသားလွှတ်တော် (၁၂)ကြိမ်မြောက် ပုံမှန်အစည်းအဝေး (၅၄)ရက်မြောက်နေ့ကို တက်ရောက်ခွင့်ရှိတဲ့ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်ဦးရေမှာ(၂၁၅)ဦး၊ ယခင်က ခွင့်ပန်ကြား သဖြင့် ခွင့်ပြုထားသူ(၁၇)ဦး၊ ယနေ့ ခွင့်ပန်ကြားသဖြင့် ခွင့်ပြုထားသူ (၂၀)ဦးဖြစ်၍ အမျိုးသား လွှတ်တော်က စုစုပေါင်း ခွင့်ပြုထားသူ(၃၇)ဦး ဖြစ်ပြီး ခွင့်မဲ့ပျက်ကွက်သူ မရှိပါ။

အမျိုးသားလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၄၊ နည်းဥပဒေခွဲ(ဂ)၊ နည်းဥပဒေခွဲငယ်(၂)အရ ယခု လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှု အခြေအနေတင်ပြချက်ကို လွှတ်တော်ရဲ့ အတည်ပြုချက် ရယူပါမယ်။

အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ အစည်းအဝေး တက်ရောက်မှု အခြေအနေ တင်ပြချက်ကို လွှတ်တော်က အတည်ပြုပါသလား ခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က အတည်ပြုပါသည်။]

**ဒုတိယဥက္ကဋ္ဌ။** ။ လွှတ်တော်က အတည်ပြုတဲ့အတွက် အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှု အခြေအနေကို အမျိုးသားလွှတ်တော်က အတည်ပြု မှတ်တမ်းတင်ကြောင်း ကြေညာပါတယ်။

**ကြယ်ပွင့်ပြထားသည့် မေးခွန်းများကို သက်ဆိုင်ရာ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များက မေးမြန်းခြင်းနှင့် သက်ဆိုင်ရာ ပြည်ထောင်စုအဆင့် အဖွဲ့အစည်းဝင်များက ဖြေကြားခြင်း**

**အချိန်၊ ၁၀း၁၂။**

**ဒုတိယဥက္ကဋ္ဌ။** ။ အစီအစဉ်(၅)ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ ခင်ဗျား။ လွှတ်တော်သို့ လွှတ်တော်ကိုယ်စားလှယ်များ မေးမြန်းထားတဲ့ ကြယ်ပွင့်ပြထားတဲ့ မေးခွန်းတွေကို မေးမြန်းခြင်းနဲ့ ဖြေကြားခြင်း အစီအစဉ် ဆောင်ရွက်မှာ ဖြစ်ပါတယ်။

**ချောက်မြို့နယ်၊ ကျောက်ရဲကျေးရွာ အခြေခံပညာ အထက်တန်းကျောင်း(ခွဲ)ကို အခြေခံပညာ အထက်တန်း ကျောင်းအဖြစ် အဆင့်တိုးမြှင့်ပေးရန် အစီအစဉ် ရှိ/မရှိနှင့် စပ်လျဉ်းသည့် မေးခွန်း**

**အချိန်၊ ၁၀း၁၂။**

**ဒုတိယဥက္ကဋ္ဌ။** ။ ယခု မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၂)မှ ဦးအောင်ငြိမ်း က ချောက်မြို့နယ်၊ ကျောက်ရဲကျေးရွာ အခြေခံပညာ အထက်တန်းကျောင်း(ခွဲ)ကို အခြေခံပညာ အထက် တန်းကျောင်းအဖြစ် အဆင့်တိုးမြှင့်ပေးရန် အစီအစဉ် ရှိ/မရှိနဲ့ စပ်လျဉ်းတဲ့ မေးခွန်း မေးမြန်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၁၂။**

**ဦးအောင်ငြိမ်း၊ မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၂)။** ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော် ဒုတိယဥက္ကဋ္ဌကြီးနှင့်တကွ ပြည်ထောင်စုဒုတိယဝန်ကြီးများ၊ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များအားလုံး မင်္ဂလာပါလို့ ဦးစွာ နှုတ်ခွန်းဆက်သဂါရဝအပ်ပါတယ်။ ကျွန်တော်ကတော့ မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၂)မှ အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဦးအောင်ငြိမ်း ဖြစ်ပါတယ်။ ဒုတိယဥက္ကဋ္ဌကြီးမှတစ်ဆင့် ကျွန်တော် မေးမြန်းလိုတဲ့ မေးခွန်းကတော့ မကွေးတိုင်း ဒေသကြီး ချောက်မြို့နယ်၊ ကျောက်ရဲကျေးရွာအုပ်စု၊ ကျောက်ရဲကျေးရွာ အခြေခံပညာ အထက်တန်း ကျောင်း(ခွဲ)အား အခြေခံပညာ အထက်တန်းကျောင်း အဆင့်တိုးမြှင့်ဖွင့်လှစ်ပေးရန် အစီအစဉ် ရှိ/မရှိ မေးမြန်းမှာ ဖြစ်ပါတယ်။

ဒုတိယဥက္ကဋ္ဌကြီး ခင်ဗျား။ မကွေးတိုင်းဒေသကြီး ချောက်မြို့နယ်၊ ကျောက်ရဲကျေးရွာအုပ်စု၊ ကျောက်ရဲကျေးရွာ အခြေခံပညာအထက်တန်းကျောင်း(ခွဲ)ဟာ ၁၉၉၆ ခုနှစ်ကတည်းက စတင်ဖွင့်လှစ် ခဲ့ပြီး ချောက်မြို့မှ မိုင်(၄၀)၊ စလေ အ.ထ.က နှင့် မိုင်(၂၀)ခန့်ကွာဝေးပါတယ်။ ကျောက်ရဲကျေးရွာမှာတော့ အိမ်ခြေ (၂၂၁)အိမ်၊ လူဦးရေ (၁၀၈၂)ဦး မှီတင်းနေထိုင်လျက်ရှိပါတယ်။ ကျောက်ရဲကျေးရွာ အ.ထ.က (ခွဲ)မှာ လက်ရှိပညာသင်ကြားလျက်ရှိတဲ့ ကျောင်းသားဦးရေကတော့ မူလတန်းအဆင့်မှာ (၇၉)ဦး၊ အလယ်တန်းအဆင့် (၂၁၂)ဦး၊ အထက်တန်းအဆင့် (၁၀၄)ဦး၊ စုစုပေါင်း (၃၉၅)ဦး ရှိပါတယ်။

လက်ရှိကျောင်းဆောင်များအနေနဲ့ ကျောင်းဆောင် (၅)ဆောင် ရှိပါတယ်။ အလျား ပေ ၉၀ x ပေ ၃၀ x ၁၅ ပေ ရှိ ကုံကော်ဆောင် (၁)ဆောင်၊ အလျားပေ ၂၀ x ၅၀ x ၁၃ ပေရှိ ဂန္ဓမာဆောင် (၁)ဆောင်၊ အလျား ၂၄ ပေ x ၂၄ ပေ x ၁၂ ပေ ရှိ စပယ်ဆောင် (၁)စောင်၊ အလျား ပေ ၈၀ x ၂၄ x ၁၃ ပေရှိ မြတ်လေးဆောင် (၁)ဆောင်၊ အလျား ၆၄ ပေ x ၂၄ ပေ x ၁၃ ပေရှိ နှင်းဆီဆောင် (၁)ဆောင်တို့ ရှိပြီး ကျောင်းဆောင်လည်း လုံလောက်မှု ရှိပါတယ်။

ကျောက်ရဲ အ.ထ.က(ခွဲ)ကို အ.ထ.ကအဖြစ် အဆင့်တိုးမြှင့် ဖွင့်လှစ်ပေးမည်ဆိုပါက ကျောက်ရဲ အ.ထ.က(ခွဲ)နှင့် (၅)မိုင် ပတ်လည်မှာ တည်ရှိသည့် ကျောက်ရဲရွာသစ်၊ ပဲတိုးချောင်းရွာ၊ မဲရွာ၊ တောင်ဘလူရွာ၊ တောင်သူကြွယ်ရွာ၊ လေးပင်ကုန်းရွာ၊ ကူဖြူရွာ၊ နတ်စဥ်ကန်၊ ပုပ္ပကန်၊ နလင်ကန် (အရှေ့ရွာ)၊ နလင်ကန် (အနောက်ရွာ)၊ ကူတို့ပေါက်၊ တောကြီး၊ ချောက်ပင်၊ ကုန်းဆားလယ်၊ ဆားလယ် ကျွန်းရွာ၊ ကျောက်ရဲကျွန်းရွာ စသည့်(၁၇)ရွာရှိ အ.မ.က၊ အ.လ.ကကျောင်းများမှာ ပညာသင်ကြားလျက်ရှိ သော ကျောင်းသား/ ကျောင်းသူများအားလုံး အခြေခံပညာအထက်တန်းအဆင့်ကို ပြီးဆုံးသည်အထိ ဆက်လက်ပညာ သင်ကြားနိုင်ခွင့် အခွင့်အလမ်း ရရှိကြမှာ ဖြစ်ပါတယ်။

ကျောက်ရဲကျေးရွာအုပ်စု၊ ကျောက်ရဲကျေးရွာ အခြေခံပညာအထက်တန်းကျောင်း အဆင့် တိုးမြှင့်ဖွင့်လှစ်ပေးနိုင်ရေးအတွက် ချောက်မြို့နယ် ကျောက်ရဲကျေးရွာအုပ်စု အထောက်အကူပြု အဖွဲ့ရဲ့ ထောက်ခံချက်၊ ကျေးရွာအုပ်ချုပ်ရေးမှူး၏ ထောက်ခံတင်ပြချက်၊ မြို့နယ်ပညာရေးမှူး၏ ထောက်ခံချက်၊ ချောက်မြို့နယ်မြို့နယ်အုပ်ချုပ်ရေးမှူး၏ ထောက်ခံချက်၊ ချောက်မြို့နယ် ပညာရေးမှူး၏ ကွင်းဆင်း စစ်ဆေးချက်တို့နဲ့အတူ ချောက်မြို့နယ် ပညာရေးမှူးရုံးမှ ညွှန်ကြားရေးမှူး မကွေးတိုင်းဒေသကြီး ပညာရေးမှူးရုံးထံ ပေးပို့တင်ပြထားပြီးလည်း ဖြစ်ပါတယ်။

ကျောက်ရဲ အ.ထ.က(ခွဲ)အား အ.ထ.က အဆင့်တိုးမြှင့်ဖွင့်လှစ်နိုင်ရန် မြေနေရာ၊ ကျောင်း အဆောက်အဦရှိခြင်း၊ ၁၉၉၆ ခုနှစ်ကတည်းက အ.ထ.က(ခွဲ)အဖြစ် ဖွင့်လှစ်ခဲ့ခြင်း၊ ချောက်မြို့နှင့် မိုင် (၄၀)စလေမြို့မှ မိုင်(၂၀)ခန့်အကွာတွင် တည်ရှိပြီး ပတ်ဝန်းကျင်ကျေးရွာ (၁၇)ရွာရှိ အ.လ.က၊ အ.မ.က ကျောင်းများရှိ ကျောင်းသားကျောင်းသူများ အခြေခံပညာအထက်တန်းအဆင့် ပြီးဆုံးသည်အထိ ပညာဆက်လက် သင်ကြားနိုင်ရန်အတွက် အခြေခံပညာအထက်တန်းကျောင်းအဆင့် အမှန်တကယ် အဆင့် တိုးမြှင့်ဖွင့်လှစ်ပေးသင့်ပါကြောင်း တင်ပြအပ်ပါတယ်။

သို့ပါ၍ ကျောက်ရဲကျေးရွာ အခြေခံပညာအထက်တန်းကျောင်း(ခွဲ)အား အခြေခံပညာ အထက်တန်းကျောင်းအဆင့် တိုးမြှင့်ဖွင့်လှစ်ပေးနိုင်ရေးအတွက် နယ်မြေခံပြည်သူလူထုကိုယ်စား အမျိုးသားလွှတ်တော် ဒုတိယဥက္ကဋ္ဌကြီးမှတစ်ဆင့် အောက်ပါမေးခွန်းများကို မေးမြန်းအပ်ပါတယ်။ (၁) ကျောက်ရဲကျေးရွာ အ.ထ.က(ခွဲ)အား အခြေခံပညာအထက်တန်းကျောင်းအဆင့် တိုးမြှင့်ဖွင့်လှစ်ပေး နိုင်ခြင်း ရှိ/မရှိ။ (၂) အဆင့်တိုးမြှင့်ဖွင့်လှစ်ပေးမည်ဆိုပါက မည်သည့်ပညာသင်နှစ်တွင် အဆင့်တိုးမြှင့် ဖွင့်လှစ်ပေးမည်တို့ကို ကျေးရွာပြည်သူလူထုကိုယ်စား မေးမြန်းအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင် ပါတယ်။

**အချိန်၊ ၁၀း၁၇။**

**ဒုတိယဥက္ကဋ္ဌ။** ။ မေးခွန်းနဲ့ပတ်သက်ပြီး ပညာရေးဝန်ကြီးဌာန၊ ဒုတိယဝန်ကြီးဦးသန့်ရှင်း က ဖြေကြားပေးဖို့ ဖြစ်ပါတယ်။

**ဖြေကြားချက်**

**အချိန်၊ ၁၀း၁၇။**

**ဦးသန့်ရှင်း (ဒုတိယဝန်ကြီး၊ ပညာရေးဝန်ကြီးဌာန)။** ။ လေးစားအပ်ပါသော အမျိုးသား လွှတ်တော် ဒုတိယဥက္ကဋ္ဌကြီးနှင့်တကွ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်တော်ကြီးများအားလုံး ကိုယ်၏ ကျန်းမာခြင်း၊ စိတ်၏ချမ်းသာခြင်းနဲ့ ပြည့်စုံပါစေလို့ ဆုမွန်ကောင်း တောင်းအပ်ပါတယ်။ ပညာရေးဝန်ကြီးဌာနကိုယ်စား ဒုတိယဝန်ကြီး ကျွန်တော် ဦးသန့်ရှင်း မှ မကွေးတိုင်းဒေသကြီး အမှတ်(၂)မဲဆန္ဒနယ် အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးအောင်ငြိမ်း ရဲ့ မေးခွန်းနဲ့ပတ်သက်၍ ရှင်းလင်းတင်ပြသွားမှာ ဖြစ်ပါတယ်။

ဒုတိယဥက္ကဋ္ဌကြီးနှင့် ကိုယ်စားလှယ်တော်ကြီးများ ခင်ဗျား။ မကွေးတိုင်းဒေသကြီး ချောက် မြို့နယ်တွင် ၂၀၁၄-၂၀၁၅ ပညာသင်နှစ်အထိ အခြေခံပညာအထက်တန်းကျောင်း (၈)ကျောင်း၊ အခြေခံ ပညာအထက်တန်းကျောင်း(ခွဲ) (၄)ကျောင်း၊ အခြေခံပညာအလယ်တန်းကျောင်း (၄)ကျောင်း၊ အခြေခံ ပညာအလယ်တန်းကျောင်း(ခွဲ) (၄၀)ကျောင်း၊ အခြေခံပညာမူလတန်းလွန်ကျောင်း (၂၀)ကျောင်း၊ အခြေခံပညာမူလတန်းကျောင်း (၁၁၄)ကျောင်း၊ အခြေခံပညာမူလတန်းကျောင်း (ခွဲ) (၂)ကျောင်း စုစုပေါင်း အခြေခံပညာကျောင်း (၁၉၂)ကျောင်းတို့အား ဖွင့်လှစ်ခွင့်ပြုခဲ့ပြီး ဖြစ်ပါတယ်။

ချောက်မြို့နယ် ကျောက်ရဲအခြေခံပညာ အထက်တန်းကျောင်း(ခွဲ)တွင် နဝမတန်း(၅၇)ဦး၊ ဒသမတန်း(၄၅)ဦး စုစုပေါင်း အထက်တန်းအဆင့်သင်ကျောင်းသား (၁၀၂)ဦးရှိပါတယ်။ သို့ဖြစ်ပါ၍ ကျောက်ရဲအခြေခံပညာအထက်တန်းကျောင်းခွဲအား ၂၀၁၅-၂၀၁၆ ပညာသင်နှစ်တွင် ကျောင်းအဆင့်

တိုးမြှင့်ပေးနိုင်ရေးအတွက် မကွေးတိုင်းဒေသကြီး တန်းစီဇယား အမှတ်စဉ်(၂၁) ဖြင့် ထည့်သွင်းထားခဲ့ပါတယ်။ သို့ရာတွင် အခြေခံပညာအထက်တန်းကျောင်းအဖြစ် အဆင့်တိုးမြှင့် ပေးရန်အတွက် သတ်မှတ်ထားသော မူဘောင်အရ ကျောင်းသားဦးရေ(၂၀၀)ဦးနှင့်အထက် ရှိရမည် ဖြစ်ပါတယ်။ အဆိုပါကျောင်းတွင် အထက်တန်းအဆင့်သင်ကျောင်းသား(၁၀၂)ဦးသာရှိ၍ စံသတ်မှတ် ထားသော ကျောင်းသားဦးရေ တစ်ဝက်နီးပါးသာ ရှိပါသဖြင့် အခြေခံပညာ အထက်တန်းကျောင်းအဖြစ် အဆင့်တိုးမြှင့်ပေးရန် လောလောဆယ် အစီအစဉ် မရှိသေးပါကြောင်း ရှင်းလင်းဖြေကြားအပ်ပါတယ်။ ကျေးဇူးတင်ပါတယ်။

**သိပ္ပံနှင့် နည်းပညာဝန်ကြီးဌာန လက်အောက်ရှိ သရုပ်ပြ၊ လက်ထောက်ကထိက၊ ဒုတိယပါမောက္ခ၊ ပါမောက္ခ စသည့် ရာထူးများ ခန့်ထားခြင်းနှင့် နိုင်ငံခြားလေ့လာရေး ခရီးစဉ် စေလွှတ်ခြင်း၊ ပညာတော်သင် စေလွှတ်ခြင်းစသည့် ကိစ္စရပ်များတွင် Ph.D ဘွဲ့ရခြင်းတူသော်လည်း အင်ဂျင်နီယာဘွဲ့ရများကိုသာ ဦးစားပေးပြီး သချာဘွဲ့၊ ရူပဗေဒဘွဲ့ စသည့် ဘာသာရပ်များမှ Ph.D ဘွဲ့ရများအား လုပ်သက်၊ ရာထူးခြင်း တူသော်လည်း တန်းတူအခွင့်အရေး မရရှိခြင်းနှင့် စပ်လျဉ်း၍ သိရှိလိုသည့် မေးခွန်း**

**အချိန်၊ ၁၀း၁၉။**

**ဒုတိယဥက္ကဋ္ဌ။** ။ ဆက်လက်ပြီး မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၂)မှ ဦးလှဆွေက သိပ္ပံနှင့် နည်းပညာဝန်ကြီးဌာန လက်အောက်ရှိ သရုပ်ပြ၊ လက်ထောက်ကထိက၊ ဒုတိယပါမောက္ခ၊ ပါမောက္ခစသည့် ရာထူးများခန့်ထားခြင်းနှင့် နိုင်ငံခြားလေ့လာရေးခရီးစဉ် စေလွှတ်ခြင်း၊ ပညာတော်သင်စေလွှတ်ခြင်းစသည့် ကိစ္စရပ်များတွင် Ph.D ဘွဲ့ရခြင်းတူသော်လည်း အင်ဂျင်နီယာ ဘွဲ့ရများကို သာ ဦးစားပေးပြီး သချာဘွဲ့၊ ရူပဗေဒဘွဲ့ စသည့် ဘာသာရပ်များမှ Ph.D ဘွဲ့ရများအား လုပ်သက်၊ ရာထူးခြင်း တူသော်လည်း တန်းတူအခွင့်အရေး မရရှိခြင်းနဲ့ စပ်လျဉ်း၍ သိရှိလိုတဲ့ မေးခွန်း မေးမြန်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၁၉။**

**ဦးလှဆွေ၊ မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၂)။** ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော် ဒုတိယဥက္ကဋ္ဌကြီးနှင့် အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များအားလုံး၊ ကြွရောက်လာကြသော ပြည်ထောင်စုဝန်ကြီးများနှင့် ကော်မရှင်အဖွဲ့ဝင်များအားလုံး ကျက်သရေမင်္ဂလာ အဖြာဖြာနဲ့ ပြည့်စုံတော်မူကြပါစေလို့ ဦးစွာပထမ နှုတ်ခွန်းဆက်သဂါရဝပြုအပ်ပါတယ်။ ကျွန်တော်ကတော့ မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၂) မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးလှဆွေ ဖြစ်ပါတယ်။

ကျွန်တော် တင်ပြမေးမြန်းလိုတဲ့မေးခွန်းကတော့ (က) သရုပ်ပြ၊ လက်ထောက်ကထိက၊ ဒုတိယပါမောက္ခ၊ ပါမောက္ခစသည့် ရာထူးများ ခန့်ထားရာ၌ Ph.D ဘွဲ့ရခြင်းတူသော်လည်း အင်ဂျင်နီယာ ဘွဲ့ရများကိုသာ ဦးစားပေးခန့်ထားပြီး သချာဘွဲ့၊ ရူပဗေဒဘွဲ့ စသည့် ဘာသာရပ်များမှ Ph.D ဘွဲ့ရများအား လုပ်သက်၊ ရာထူးခြင်း တူသော်လည်း တန်းတူအခွင့်အရေး မရရှိဆိုသည်မှာ မှန်ပါသလား။ (ခ) အလုပ်တာဝန် ရာထူးခန့်ထားရေးသာမက နိုင်ငံခြား လေ့လာရေးခရီးစဉ် စေလွှတ်ခြင်း၊ ပညာတော်သင် စေလွှတ်ခြင်း စသည့်ကိစ္စရပ်များတွင်လည်း Ph.D ဒေါက်တာဘွဲ့ရခြင်း အတူတူ အင်ဂျင်နီယာဘွဲ့ရများကိုသာ ဦးစားပေးစေလွှတ်ပြီး ကျန် ဒေါက်တာဘွဲ့ရများ ဦးစားပေး ရွေးချယ်ခြင်း မရှိဆိုသည်မှာ မှန်ပါသလား ဆိုတဲ့ မေးခွန်း နှစ်ရပ်ပဲ ဖြစ်ပါတယ်။

လေးစားအပ်ပါသော ဒုတိယဥက္ကဋ္ဌကြီးခင်ဗျား။ သိပ္ပံနှင့် နည်းပညာဝန်ကြီးဌာနလက်အောက်မှာ တက္ကသိုလ်၊ ကောလိပ်များမှ ရာထူးခန့်ထားရာမှာ ၂၀၁၂ ခုနှစ်၊ မေလက ထုတ်ပြန်ခဲ့တဲ့ အမိန့်နှင့် ညွှန်ကြားချက်မှာ တက္ကသိုလ်၊ ကောလိပ်၊ သိပ္ပံ အစိုးရနည်းပညာအထက်တန်းကျောင်းများ၏ သင်ကြားရေးဌာနများမှာ Master ဘွဲ့ နှင့် Ph.D ဘွဲ့ရများ အလုပ်စတင် ခန့်အပ်သည့် ရာထူးနှင့် ဘွဲ့အလိုက် အဆင့်တိုးမြှင့်ပေးရေး သတ်မှတ်ချက် ထုတ်ပြန်ထားကြောင်း သိရပါတယ်။

အဲဒီညွှန်ကြားချက်အရ သရုပ်ပြ၊ လက်ထောက် ကထိက၊ ဒုတိယပါမောက္ခ၊ တွဲဖက်ပါမောက္ခ၊ ပါမောက္ခ ရာထူးများ တိုးမြှင့်ပေးရာမှာ လုပ်သက်အပေါ်၌သာ မူတည်ပြီးတော့ မည်သည့် Ph.D မဆို သရုပ်ပြမှ လက်ထောက်ကထိက သို့ (၃)နှစ်၊ လက်ထောက်ကထိကမှ ကထိကသို့ (၅)နှစ်၊ ကထိကမှ ဒုတိယပါမောက္ခ၊ သို့မဟုတ် တွဲဖက်ပါမောက္ခသို့ (၆)နှစ်၊ ဒုတိယ သို့မဟုတ် တွဲဖက်ပါမောက္ခမှ ပါမောက္ခသို့ (၇)နှစ် သတ်မှတ်ထုတ်ပြန်ထားကြောင်း သိရပါတယ်။ သို့သော်လည်း လက်တွေ့မှာ တစ်ဆင့်မြင့် ရာထူးများ၊ အခြားပညာရပ်ဆိုင်ရာ အခွင့်အလမ်းများ၊ နိုင်ငံရပ်ခြား လေ့လာရေးခရီး၊ ပညာတော်သင်များကို စေလွှတ်ခြင်း၊ တိုးမြှင့်ပေးရခြင်းမှာ အင်ဂျင်နီယာဘွဲ့ရ များကိုသာ ဦးစားပေးခန့်ထားစေလွှတ်လျက်ရှိပြီး အခြားဘာသာရပ်ဖြင့် ဒေါက်တာဘွဲ့ရသူများကို ဦးစားမပေးဘဲ ချန်လှပ်ထားခြင်းများရှိနေပြီး လုပ်သက်တူသော်လည်း ရာထူးတိုးမြှင့် မခံစားရသူ၊ အခြား Ph.D ဘွဲ့ရများက ညွှန်ကြားချက်အမိန့်နှင့် မကိုက်ညီကြောင်း၊ ထောက်ထားစာရွက်စာတမ်းများနှင့်တကွ ကျွန်တော့်ကို ဆွေးနွေးတင်ပြလာကြပါတယ်။ ဒါကြောင့်မို့ အထက်ပါမေးခွန်းများအား အမျိုးသား လွှတ်တော် ဒုတိယဥက္ကဋ္ဌကြီးမှတစ်ဆင့် လေးစားစွာ မေးမြန်းတင်ပြအပ်ပါတယ်။

**အချိန်၊ ၁၀း၂၂။**

**ဒုတိယဥက္ကဋ္ဌ။** ။ မေးခွန်းနဲ့ ပတ်သက်ပြီး သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန၊ ဒုတိယဝန်ကြီး ဒေါက်တာဘရွှေ က ဖြေကြားပေးဖို့ ဖြစ်ပါတယ်။

**ဖြေကြားချက်**

**အချိန်၊ ၁၀း၂၂။**

**ဒေါက်တာဘရွှေ (ဒုတိယဝန်ကြီး၊ သိပ္ပံနှင့် နည်းပညာဝန်ကြီးဌာန)။** ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော် ဒုတိယဥက္ကဋ္ဌကြီးနှင့်တကွ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်တော်ကြီးများ အားလုံး ကိုယ်၏ကျန်းမာခြင်း၊ စိတ်၏ ချမ်းသာခြင်းနဲ့ ပြည့်စုံကြပါစေကြောင်း ဦးစွာဆုတောင်းမေတ္တာပို့သအပ်ပါတယ်။ ကျွန်တော်ကတော့ သိပ္ပံနှင့် နည်းပညာဝန်ကြီးဌာန၊ ဒုတိယဝန်ကြီး၊ ဒေါက်တာဘရွှေ ဖြစ်ပါတယ်။ ပထမအကြိမ် အမျိုးသားလွှတ်တော် (၁၂)ကြိမ်မြောက် ပုံမှန်အစည်းအဝေးမှာ ရှင်းလင်းဆွေးနွေးနိုင်ရန် မကွေးတိုင်းဒေသကြီး အမှတ်(၁၂)မဲဆန္ဒနယ် အမျိုးသားလွှတ်တော် ကိုယ်စားလှယ်တော်ကြီး ဦးလှဆွေမှ ကြယ်ပွင့်ပြမေးခွန်း မေးမြန်းလာပါတယ်။ ဒီမေးခွန်းနှင့်စပ်လျဉ်းပြီး သိပ္ပံနှင့် နည်းပညာဝန်ကြီးဌာနကိုယ်စား ပြန်လည်ရှင်းလင်းတင်ပြသွားမှာ ဖြစ်ပါတယ်။

သိပ္ပံနှင့် နည်းပညာဝန်ကြီးဌာနဟာ နိုင်ငံတော်အတွက် မရှိမဖြစ် လိုအပ်သော အင်ဂျင်နီယာများ၊ ဇီဝကာပညာရှင်များ၊ ကွန်ပျူတာပညာရှင်များ၊ ပါရဂူဘွဲ့ရသိပ္ပံပညာရှင်များကို မွေးထုတ်ပေးလျက်ရှိပြီး လူ့စွမ်းအား ပြုစုပျိုးထောင်ရေးလုပ်ငန်းများကို အရှိန်အဟုန်မြင့် ဆောင်ရွက်လျက်ရှိရာမှာ

ကွန်ပျူတာ၊ အင်ဂျင်နီယာနှင့် ဗိသုကာပညာရှင်ဆိုင်ရာ အသိပညာရှင်၊ အတတ်ပညာရှင်များကို လေ့ကျင့်သင်ကြားပေးလျက် ရှိပါတယ်။

သိပ္ပံနှင့် နည်းပညာဝန်ကြီးဌာနအနေဖြင့် မိမိ၏ဝန်ကြီးဌာနအောက်မှာ တာဝန်ထမ်းဆောင်လျက်ရှိကြတဲ့ ဝန်ထမ်းများရဲ့ ရာထူးတိုးကိစ္စရပ်များကို ဆောင်ရွက်ရာတွင် ရာထူးတိုးတင်ပြနိုင်သည့် အနည်းဆုံး လုပ်သက် သတ်မှတ်ချက်အဖြစ် Ph.D ဘွဲ့ရ သရုပ်ပြမှ လက်ထောက်ကထိကရာထူးသို့ တိုးမြှင့်ပေးရန် လက်ရှိရာထူးလုပ်သက် (၃)နှစ်ဖြင့် လည်းကောင်း၊ လက်ထောက်ကထိကမှ ကထိကရာထူးတိုးမြှင့်ပေးရန် လက်ရှိရာထူးလုပ်သက် (၅)နှစ်ဖြင့် လည်းကောင်း၊ Ph.D ဘွဲ့ရကထိကမှ ဒုတိယပါမောက္ခသို့ တိုးမြှင့်ပေးရန် လက်ရှိရာထူးလုပ်သက် (၆)နှစ်ဖြင့်လည်းကောင်း၊ Ph.D ဘွဲ့ရ ဒုတိယပါမောက္ခမှ ပါမောက္ခရာထူးသို့ တိုးမြှင့်ပေးရန်အတွက် လက်ရှိရာထူး လုပ်သက်(၇)နှစ်ဖြင့် လည်းကောင်း သတ်မှတ်ထားရှိပြီး သတ်မှတ်ချက်နှင့် ကိုက်ညီမှု၊ အရည်အချင်းရှိမှု၊ လိုအပ်ချက် ရှိမှုတို့ကို စိစစ်၍ ရာထူးတိုးမြှင့်ရေးကိစ္စများကို တစ်ပြေးညီ ဆောင်ရွက်ပေးလျက်ရှိပါတယ်။

အလားတူ သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာနလက်အောက်ရှိ ဆရာ/ဆရာမများအား ပညာအရည်အချင်းအလိုက်၊ သက်ဆိုင်ရာဘာသာရပ်အလိုက်၊ နိုင်ငံခြားပညာတော်သင် စေလွှတ်ရာတွင်လည်း ပညာတော်သင် စိစစ်ရွေးချယ်ရေးကော်မတီမှ သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာနသို့ ခွဲဝေပေးသည့် ဘာသာရပ်၊ သက်ဆိုင်ရာ နိုင်ငံအဖွဲ့အစည်းများမှ ကမ်းလှမ်းလာသည့် ဘာသာရပ်အလိုက် ရွေးချယ်စေလွှတ်လျက်ရှိပါတယ်။

သို့ဖြစ်ပါ၍ သိပ္ပံနှင့် နည်းပညာဝန်ကြီးဌာနလက်အောက်ရှိ အမှုထမ်း၊ အရာထမ်းများအား ရာထူးတိုးမြှင့်ပေးရေးနှင့် နိုင်ငံခြားပညာတော်သင်စေလွှတ်ရေးကိစ္စရပ်များ ဆောင်ရွက်ရာတွင် လုပ်ထုံးလုပ်ထုံးနှင့်အညီ သတ်မှတ်ချက်ကိုက်ညီပါက တန်းတူအခွင့်အရေး ထားရှိဆောင်ရွက်လျက် ရှိပါကြောင်း လေးစားစွာ တင်ပြအပ်ပါတယ်။ ကျေးဇူးတင်ပါတယ်ခင်ဗျား။

**ဦးလှဆွေ၊ မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၂)။** ။ လေးစားအပ်ပါသော ဒုတိယဥက္ကဋ္ဌကြီး ခင်ဗျား။ ကျွန်တော် ထပ်ဆင့်မေးခွန်းလေး တင်ပြရမယ်ဆိုလို့ရှိရင်တော့ လက်တွေ့မှာတော့ လက်ထောက်ကထိကမှ ကထိကသို့ ကျွန်တော်တို့ နိုင်ငံဝန်ထမ်းဥပဒေဆိုတာ ပြည်ထောင်စုလွှတ်တော်က ပြဋ္ဌာန်းထားပြီးဖြစ်ပါတယ်။ ဒီ ပြည်ထောင်စုလွှတ်တော်ဥပဒေမှာ လစာနှုန်းထား တစ်သိန်းလေးသောင်း၊ နှစ်ထောင်တိုးနဲ့ တစ်သိန်းခွဲ၊ ဦးစီးအရာရှိလစာက လက်ထောက်ကထိကနဲ့ တူပါတယ်။ သူ(၃)နှစ် တာဝန်ထမ်းဆောင်ပြီးလို့ရှိရင် လက်ထောက်ကထိက ကနေ ကထိကရာထူးကို ဒါ ကထိက လို့ ခေါ်တဲ့ ဒါ လက်ထောက်ညွှန်ကြားရေးမှူးနဲ့ ညီမျှတဲ့ရာထူးကို ပြောင်းရွှေ့ဖို့ နိုင်ငံ့ဝန်ထမ်းဥပဒေ (Mother Law) ဖြစ်ပါတယ်။ ဘယ်ဝန်ထမ်းတွေမဆို ဒီ (Mother Law) ကြီးကိုမှ မူတည်ပြီးတော့မှ ဒါ နည်းဥပဒေတွေ၊ အမိန့်နဲ့ ညွှန်ကြားချက်တွေက ဒါကိုတော့ ပယ်လို့ မကောင်းပါဘူး။ ဒီအပြင် ကျွန်တော်တို့ ဖွဲ့စည်းပုံအခြေခံဥပဒေ ပုဒ်မ ၂၁(က)မှာ နိုင်ငံသားတိုင်းသည် ဖွဲ့စည်းပုံအခြေခံဥပဒေ သတ်မှတ်ပြဋ္ဌာန်းထားသည့် တန်းတူညီမျှမှုအခွင့်အရေး၊ လွတ်လပ်မှုအခွင့်အရေး၊ တရားမျှတမှု အခွင့်အရေးတို့ ခံစားရမည်။

ဒီအပြင် ကျွန်တော်တို့ အခန်း(၈) နိုင်ငံသားများ၏ မူလအခွင့်အရေးနှင့် တာဝန်များမှာ ပုဒ်မ ၃၄၇ နိုင်ငံတော်သည် မည်သူ့ကိုမဆို ဥပဒေအရာတွင် တန်းတူညီမျှအခွင့်အရေး၊ ဥပဒေအရ အကာ

အကွယ်ပေးရမည်။ နိုင်ငံတော်သည် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၏ မည်သည့် နိုင်ငံသားကိုမှ လူမျိုး၊ ဇာတိ ကိုးကွယ်ရာဘာသာ ရာထူးဌာနန္တရ အဆင့်အတန်း၊ ယောက်ျား၊ မိန်းမ၊ ဆင်းရဲချမ်းသာကို ခွဲခြားမှု မရှိစေရ။ ၃၄၉ မှာ နိုင်ငံသားများသည် အောက်ပါလုပ်ငန်းများကို ဆောင်ရွက်ရန် တူညီသော အခွင့်အလမ်းရှိရမည်။

(က) ပြည်သူ့ဝန်ထမ်း တာဝန်ထမ်းဆောင်မှု။ အဲဒီမှာပဲ (စ)မှာ ဝိဇ္ဇာပညာ၊ သိပ္ပံပညာ ဒါတွေကို မခွဲပါနဲ့ တူညီသော ဝိဇ္ဇာ၊ သိပ္ပံတောင်မှ ခွဲမနေနဲ့၊ အောက်ပါလုပ်ငန်းများဆောင်ရွက်ရန် တူညီသော အခွင့်အလမ်းရှိရမည်။ ဒါ အခြေခံဥပဒေပုဒ်မ ၃၄၉မှာ အတိအလင်းဖော်ပြထားပါတယ်။ လက်တွေ့မှာ တော့ လက်ထောက်ကထိကမှ ကထိကသို့ အင်ဂျင်နီယာ ဒေါက်တာဘွဲ့ကို (၃)နှစ်နဲ့ ရာထူးတိုးပေးသော် လည်း သင်္ချာတို့၊ ရူပဗေဒတို့နဲ့ ဒေါက်တာဘွဲ့ရသူများကိုတော့ (၅)နှစ်သတ်မှတ်ထားကြောင်း သိရပါ တယ်။ အဲဒါ နိုင်ငံ့ဝန်ထမ်းဥပဒေနဲ့ရော၊ အခြေခံဥပဒေနဲ့ရော ကွဲလွဲနေတဲ့အတွက်ကြောင့် အဲဒါလေး မည်ကဲ့သို့ ဖြေရှင်းဆောင်ရွက်မည်လဲသိချင်လို့ မေးခွန်း မေးရခြင်းဖြစ်ပါတယ်။ ကျေးဇူးတင်ပါတယ်။

**ဒေါက်တာဘရှေ့(ဒုတိယဝန်ကြီး၊ သိပ္ပံနှင့် နည်းပညာဝန်ကြီးဌာန)။** ။ ကျွန်တော်တို့ ကိုယ်စားလှယ်တော်ကြီး တင်ပြတဲ့ အချက်အလက်ဟာ ၂၀၁၂ ခုနှစ်မှာ ကျွန်တော်တို့ သိပ္ပံနှင့်နည်း ပညာဝန်ကြီးဌာနမှ ထုတ်ပြန်ခဲ့တဲ့ ရာထူးတိုးမြှင့်ရေးဆိုင်ရာ အချက်အလက်ပေါ်မှာ မူတည်ပြီးတော့ တင်ပြဆွေးနွေးခြင်းဖြစ်တယ်လို့ သဘောပေါက်ပါတယ်။ ကျွန်တော်တို့ နိုင်ငံ့ဝန်ထမ်းဥပဒေဟာ ၂၀၁၄၊ မတ်လမှသာလျှင် ကျွန်တော်တို့ ပြည်ထောင်စုရာထူးဝန်အဖွဲ့မှ တရားဝင် နိုင်ငံတော်က ပြဋ္ဌာန်းပြီး နောက်ပိုင်းမှာ ကျွန်တော်တို့ ထုတ်ပြန်ထားတဲ့ စာအုပ်ရှိပါတယ်။ အဲဒီတော့ ကျွန်တော်တို့ ဝန်ကြီးဌာန အနေနဲ့ မူလက ရာထူးတိုးမြှင့်ရေးကိစ္စများကို တစ်ပြေးညီ ဖြစ်စေဖို့အတွက် ၂၀၁၂ ခုနှစ်ကာလတုန်းက ကျွန်တော်တို့ မူဝါဒတစ်ခုကို တစ်ပြေးညီချမှတ်ပြီး ဆောင်ရွက်ခဲ့တာရှိပါတယ်။

သို့သော်လည်းပဲ ကျွန်တော်တို့ အခု လက်ရှိအားဖြင့် ၂၀၁၄ မှာ ထုတ်ပြန်တဲ့ ဒီ နိုင်ငံ့ဝန်ထမ်း ဥပဒေပါ အခြေခံဥပဒေအရ ကျွန်တော်တို့ နိုင်ငံတော်ရဲ့ ပြန်တမ်းဝင်အရာရှိဆိုတဲ့ လက်ထောက်ကထိက ဦးစီးအရာရှိ၊ လက်ထောက်ကထိက အဆင့်ထိ ရာထူးများ ပညာရှင်များကို ရာထူးတိုးမြှင့်တဲ့အခါမှာ အနည်းဆုံးလုပ်သက် (၃)နှစ်ရှိရမည်လို့ သတ်မှတ်ထားပါတယ်။ ဒါကြောင့်မို့လို့ ကျွန်တော်တို့ ဝန်ကြီးဌာန အနေနဲ့ ဒီရာထူးများကို ရာထူးတိုးမြှင့်တဲ့အခါမှာ နိုင်ငံ့ဝန်ထမ်းဥပဒေနဲ့ ညီညွတ်အောင် ကျွန်တော်တို့ အနည်းဆုံး(၃)နှစ်သတ်မှတ်ထားသော်လည်းပဲ ကျွန်တော်တို့မှာ ရှိနေတဲ့ ရာထူးများအပေါ်မှာ မူတည်၍ ခန့်အပ်နိုင်တဲ့ ရာထူးပေါ်မူတည်၍ စီစဥ်ဆောင်ရွက်တဲ့နေရာမှာ ယခုအခါမှာ (၃)နှစ်နဲ့ အထက် ရာထူး များကို ဦးစီးအရာရှိကအစ ကျွန်တော်တို့ ရာထူးတိုးပါတယ်။

အလားတူပဲ လက်ထောက်ကထိကမှ ကထိကရာထူးများကို တန်းစီတဲ့အခါမှာလည်း အနိမ့်ဆုံး အားဖြင့် သတ်မှတ်ချက်ဟာ(၃)နှစ်၊ လုပ်သက်အားဖြင့် အနည်းဆုံး(၃)နှစ်သတ်မှတ်ပါတယ်။ သို့သော် လည်းပဲ ဒီရာထူးရဲ့ ရှိနေတဲ့ ဖွဲ့စည်းပုံရာထူးနဲ့ ကျွန်တော်တို့ ခန့်အပ်ရမယ့် ရာထူးများကို တန်းစီတဲ့ အခါမှာ လိုအပ်ချက်အရ ကျွန်တော်တို့အနေနဲ့ ဝန်ကြီးဌာနအနေအားဖြင့် (၅)နှစ်သတ်မှတ်ခြင်း ဖြစ်ပါ တယ်။ ဝန်ထမ်းဥပဒေမှာလည်းပဲ ကျွန်တော်တို့ အနည်းဆုံး(၃)နှစ်လို့သာ သတ်မှတ်ထားပါတယ်။ (၃)နှစ် ပြည့်ရင် ပေးရမယ်လို့ ကျွန်တော်တို့ မဆိုလိုပါဘူး။ တကယ်တော့ ကျွန်တော်တို့ ရာထူးတိုးမြှင့်ရေးကိစ္စရပ် များမှာ လုပ်သက်တစ်ခုတည်းကို မဟုတ်ပါဘူး။ အခြားသော Criteria တွေကအများကြီး ကျွန်တော်တို့

မှာ စီရတဲ့အချက်အလက်တွေရှိပါတယ်။ ဒီအပေါ်မှာ မူတည်ပြီးတော့မှ ကျွန်တော်တို့ရဲ့ ဆရာ/ဆရာမ ဝန်ထမ်းများတွေရဲ့ အကျိုးစီးပွားအတွက် ကျွန်တော်တို့ ဝန်ကြီးဌာနအနေနဲ့ အလေးထား ပြီးတော့ အခုအခါ ရာထူးတိုးမြှင့်ရေးကိစ္စများကို စဥ်ဆက်မပြတ် ဆောင်ရွက်လျက်ရှိပါကြောင်း လေးစားစွာ တင်ပြအပ်ပါတယ်။

**ဒုတိယဥက္ကဋ္ဌ**။ ။ (၅)နှစ်က ဘယ်သူက သတ်မှတ်တာလဲ။

**ဒေါက်တာဘရှေ့(ဒုတိယဝန်ကြီး၊ သိပ္ပံနှင့် နည်းပညာဝန်ကြီးဌာန)**။ ။(၅)နှစ်က ကျွန်တော်တို့ ဝန်ကြီးဌာနအနေနဲ့ပဲ သတ်မှတ်ပေးပါတယ်။

**ဒုတိယဥက္ကဋ္ဌ**။ ။ အဲဒါ ၂၀၁၂ က။

**ဒေါက်တာဘရှေ့(ဒုတိယဝန်ကြီး၊ သိပ္ပံနှင့် နည်းပညာဝန်ကြီးဌာန)**။ ။ ကျွန်တော် ၂၀၁၂ ပါခင်ဗျား။

**ဒုတိယဥက္ကဋ္ဌ**။ ။ ၂၀၁၄ က ကျွန်တော်တို့က နိုင်ငံ့ဝန်ထမ်းဥပဒေ ထုတ်ပြီးပြီလေ။

**ဒေါက်တာဘရှေ့(ဒုတိယဝန်ကြီး၊ သိပ္ပံနှင့် နည်းပညာဝန်ကြီးဌာန)**။ ။ ဟုတ်ကဲ့။

**ဒုတိယဥက္ကဋ္ဌ**။ ။ ထုတ်ပြီးတော့ ဆရာတို့အဖွဲ့က ပြန်မပြင်ဘူးလား။

**ဒေါက်တာဘရှေ့(ဒုတိယဝန်ကြီး၊ သိပ္ပံနှင့် နည်းပညာဝန်ကြီးဌာန)**။ ။ ကျွန်တော်တို့က စီလိုက်တဲ့အခါမှာ ကျွန်တော်တို့ လုပ်သက်အားဖြင့် ပေးနိုင်တဲ့ ရာထူးနဲ့ ကျွန်တော်တို့မှာ ရှိနေတဲ့ vacancy နဲ့ ရာထူးနဲ့စီပြီးတော့ ကျွန်တော်တို့ လုပ်သက်အနည်းဆုံးယူပြီးတော့ (၅)နှစ်ကို ယူလိုက်ပါတယ်။ (၅)နှစ်ထဲက ပြည့်တဲ့ သူတွေအားလုံးကို ရာထူးတိုးပါတယ်။ အားလုံးလည်းပဲ ဒီထဲမှာ အကျုံးဝင်သွားပါတယ်။

**ဒုတိယဥက္ကဋ္ဌ**။ ။ အကျုံးဝင်ပေမယ့် ဆရာ ကျွန်တော်လည်း ညွှန်ချုပ်လုပ်ခဲ့တာပါ။

**ဒေါက်တာဘရှေ့(ဒုတိယဝန်ကြီး၊ သိပ္ပံနှင့် နည်းပညာဝန်ကြီးဌာန)**။ ။ ဟုတ်ကဲ့။

**ဒုတိယဥက္ကဋ္ဌ**။ ။ ဒါက တန်းစီတဲ့အခါကျတော့မှ အနိမ့်ဆုံး Minimum က 3 years ။ သို့သော် အဲဒီထဲမှာ (၃)နှစ်ပြည့်ပြီးတဲ့လူတွေ ပါလာမယ်၊ အများကြီး။ အဲဒီကျမှ Service အမှတ်ကို တွက်လိုက်ပေါ့။

**ဒေါက်တာဘရှေ့(ဒုတိယဝန်ကြီး၊ သိပ္ပံနှင့် နည်းပညာဝန်ကြီးဌာန)**။ ။ ဟုတ်ကဲ့။

**ဒုတိယဥက္ကဋ္ဌ**။ ။ တွက်ပြီးရင် သူ့ရဲ့ Efficiency သူ့ရဲ့ အရည်အချင်းတွေပေါ် မူတည်ပြီး ဆရာတို့ အမှတ်ပေါင်းတဲ့အခါကျတော့မှ Service အမှတ်ပေါ်မှာမူတည်ပြီး ပေါင်းရမှာလေ။

**ဒေါက်တာဘရှေ့ (ဒုတိယဝန်ကြီး၊ သိပ္ပံနှင့် နည်းပညာဝန်ကြီးဌာန)**။ ။ ဟုတ်ကဲ့။

**ဒုတိယဥက္ကဋ္ဌ**။ ။ (၅)နှစ် ပြည့်တဲ့ လူတွေချည်းပဲဆိုတော့ (၃)နှစ်သမားကလည်း တော်ချင်တော်လာမယ်လေ။ အဲဒီလိုပေါ့။ (၅)နှစ် ဆိုတာကတော့ နိုင်ငံ့ဝန်ထမ်း ဥပဒေနဲ့တော့ မညီဘူး

လေ။ ဟိုအရင်တုန်းကတော့ နိုင်ငံတော်ကောင်စီက ထုတ်ထားတာပေါ့။ ကျွန်တော်တို့ ညွှန်ချုပ်တွေ လက်ထက်တုန်းကတော့ နိုင်ငံတော်ကောင်စီက သတ်မှတ်တဲ့ဟာကိုတော့ လိုက်နာရမယ်။

**ဒေါက်တာဘရွှေ(ဒုတိယဝန်ကြီး၊ သိပ္ပံနှင့် နည်းပညာဝန်ကြီးဌာန)။** ။ ဟုတ်ကဲ့။

**ဒုတိယဥက္ကဋ္ဌ။** ။ (၃)နှစ်ဆို (၃)နှစ်ဝန်းကျင်။ သို့သော် (၃)နှစ်သမားကလည်း (၅)နှစ်သမား လို တော်တဲ့သူရှိမယ်လေ။ ဒါကတော့ ဝန်ကြီးဌာနက ရှင်းရှင်းပြောရရင် ကြိုက်တဲ့သူကျရင် အင်တာဗျူး မှာ ပေးရင်ပေးကြမှာပေါ့။ သို့သော်လည်း ခုနက (၅)နှစ်ဆိုတာကြီးတော့ တစ်မျိုးလေ။ အဲဒါလေးသာ ဆရာတို့ ပြန်စဉ်းစားပေးဖို့ပါ။ နိုင်ငံ့ဝန်ထမ်းဥပဒေနဲ့ကတော့ ညီဖို့တော့ လိုတာပေါ့လေ။ လက်ရှိလည်း ကျွန်တော်တို့က ဝန်ထမ်းဥပဒေကို ကျွန်တော်တို့လက်ထက်မှာ ပြင်လိုက်ပြီးပြီလေ။ ပြင်လိုက်ပြီးတဲ့ အတွက် ဝန်ထမ်းတွေအတွက်လည်း အများကြီးတန်ဖိုးရှိပါတယ်။

**ဒေါက်တာဘရွှေ(ဒုတိယဝန်ကြီး၊ သိပ္ပံနှင့် နည်းပညာဝန်ကြီးဌာန)။** ။ ဟုတ်ကဲ့။

**ဒုတိယဥက္ကဋ္ဌ။** ။ အရင်တုန်းက (၅၅)နှစ်ဆိုရင် ဝန်ထမ်းတွေက ပင်စင်ယူချင်တယ်။ ဌာနတွေက မပေးဘူး။ ဒါပေမဲ့ ဒီဥပဒေမှာ ထည့်လိုက်ပါတယ်။ (၅၅)နှစ် ပြည့်ပြီးပြီ၊ လုပ်သက်(၂၀)ပြည့် ရင်တောင်းရင် ပေးကိုပေးရမယ်။ အရင်တုန်းက ဌာနဆိုင်ရာအကြီးအကဲတွေက မပေးဘူး။ သို့သော် သူကထွက်ချင်နေပြီ။ အဲဒါတွေလည်း ဒီဥပဒေထဲမှာ နိုင်ငံ့ဝန်ထမ်းဥပဒေထဲမှာ ထည့်ပေးလိုက်ပါတယ်။ ဒါကြောင့်မိုလို့ ဆရာတို့အဖွဲ့လည်း ပြန်ကြည့်ပေးဖို့လိုပါတယ်။ ကျန်တာကတော့ ကြိုက်တာပေးပေါ့လေ။ (၅)နှစ် သတ်မှတ်တယ်ဆိုတာချည်း၊ (၅)နှစ်ချည်းပဲဆိုရင်တော့ မဟုတ်သေးဘူးပေါ့လေ။ (၃)နှစ်ကတော့ အနည်းဆုံး၊ သို့သော် ဒီထဲမှာ Length ရှိမှာပေါ့။ သူ့ရဲ့ (၃)နှစ်အနည်းဆုံးပြီးတော့ Service ကတော့ များတဲ့သူကတော့ ဦးစားပေးရမှာပေါ့လေ။ သို့သော်လည်း Service များပြီးတော့ အလုပ်မလုပ်ဘဲနဲ့ ပေကပ်နေတဲ့သူတွေလည်း အများကြီးရှိတာပဲ။ တချို့လည်း Service နည်းတယ် တော်တယ်။ ဒါလေး ပြန်စဉ်းစားပေးဖို့ပါ။

**အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီဥက္ကဋ္ဌ သို့မဟုတ် ယင်းကတာဝန် ပေးအပ်သည့်ပုဂ္ဂိုလ်က ပြည်သူ့လွှတ်တော်က ပြင်ဆင်ချက်မရှိ အတည်ပြုပြီး ပေးပို့လာသော ပြည်သူ့လွှတ်တော် ရွေးကောက်ပွဲ ဥပဒေကို ဒုတိယအကြိမ် ပြင်ဆင်သည့် ဥပဒေကြမ်းအား အမျိုးသားလွှတ်တော်က ဆွေးနွေးနိုင်ရန် ဥပဒေကြမ်းကော်မတီ၏ အစီရင်ခံစာကို ဖတ်ကြား တင်သွင်းခြင်း**

**အချိန်၊ ၁၀း၃၃။**

**ဒုတိယဥက္ကဋ္ဌ။** ။ အစီအစဉ်(၆)ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။ ပြည်သူ့လွှတ်တော် ရွေးကောက်ပွဲ ဥပဒေကို ဒုတိယအကြိမ် ပြင်ဆင်သည့် ဥပဒေကြမ်းအား ပြည်သူ့လွှတ်တော်တွင် စတင် ဆွေးနွေးပြီး ပြင်ဆင်ချက်မရှိ အတည်ပြု၍ အမျိုးသားလွှတ်တော် သို့ ပေးပို့လာပါတယ်။ အဆိုပါ ဥပဒေကြမ်းကို အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များထံ ကြိုတင်ဖြန့်ဝေ ထားပြီး ဖြစ်ပါတယ်။

ပြည်သူ့လွှတ်တော်က ပြင်ဆင်ချက်မရှိ အတည်ပြုပြီး ပေးပို့လာသော ပြည်သူ့လွှတ်တော် ရွေးကောက်ပွဲ ဥပဒေကို ဒုတိယအကြိမ် ပြင်ဆင်သည့် ဥပဒေကြမ်းအား အမျိုးသား လွှတ်တော်တွင် ဆွေးနွေးနိုင်ရန် ဥပဒေကြမ်းကော်မတီ၏ အစီရင်ခံစာကိုကော်မတီက ဖတ်ကြားတင်သွင်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၃၃။**

**ဗိုလ်မှူးချုပ်ကျော်ဦးလွင်(အဖွဲ့ဝင်၊ ဥပဒေကြမ်းကော်မတီ)**။ ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဒုတိယဥက္ကဋ္ဌနဲ့ လွှတ်တော်ကိုယ်စားလှယ်များ၊ ဒုတိယဝန်ကြီးနဲ့ ကော်မရှင်အဖွဲ့ဝင်များ အားလုံးစိတ်၏ ချမ်းသာခြင်း၊ ကိုယ်၏ ကျန်းမာခြင်းနဲ့ ပြည့်စုံကြပါစေကြောင်း ဦးစွာ ဆုတောင်းမေတ္တာပို့သအပ်ပါတယ်။ ကျွန်တော် တပ်မတော်သား အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဗိုလ်မှူးချုပ်ကျော်ဦးလွင် ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီရဲ့ တာဝန်ပေးအပ်ချက်အရ ပြည်သူ့လွှတ်တော် ရွေးကောက်ပွဲဥပဒေကို ဒုတိယအကြိမ် ပြင်ဆင်သည့် ဥပဒေကြမ်းအပေါ် စိစစ်တင်ပြခြင်းအစီရင်ခံစာကို ဖတ်ကြားတင်သွင်းသွားမှာ ဖြစ်ပါတယ်။

အမျိုးသားလွှတ်တော်၊ ဥပဒေကြမ်းကော်မတီ၏

ပြည်သူ့လွှတ်တော်ရွေးကောက်ပွဲဥပဒေကို ဒုတိယအကြိမ် ပြင်ဆင်သည့်ဥပဒေကြမ်းအပေါ်
စိစစ်တင်ပြခြင်းအစီရင်ခံစာ

စာအမှတ်၊ ၁/အမ(ကော်မတီ-၁)၁ / ၂၀၁၅ -
ရက်စွဲ၊ ၂၀၁၅ ခုနှစ် ၊ မေလ ၂၇ ရက်

၁။ ပြည်သူ့လွှတ်တော်က ပြည်သူ့လွှတ်တော်ရွေးကောက်ပွဲဥပဒေကို ဒုတိယအကြိမ် ပြင်ဆင်သည့် ဥပဒေကြမ်းကို ၂၅-၅-၂၀၁၅ ရက်နေ့တွင် ပြင်ဆင်ချက်မရှိ သဘောတူအတည်ပြုပြီး အမျိုးသားလွှတ်တော်တွင် ဆွေးနွေးနိုင်ရန်အတွက် ပေးပို့လာပါသည်။ အမျိုးသားလွှတ်တော်၊ ဥပဒေကြမ်းကော်မတီ သည် ယင်းဥပဒေကြမ်းကို အမျိုးသားလွှတ်တော်၊ နိုင်ငံရေး၊ စီးပွားရေးနှင့် ဥပဒေရေးရာကော်မရှင်မှ ပညာရှင်များနှင့် ၂၇-၅-၂၀၁၅ ရက်နေ့တွင် လေ့လာစိစစ်ခဲ့ပါသည်။

လေ့လာတွေ့ရှိချက်

၂။ အမျိုးသားလွှတ်တော်၊ ဥပဒေကြမ်းကော်မတီသည် ပြည်သူ့လွှတ်တော်က အတည်ပြုသည့် ပြည်သူ့လွှတ်တော်ရွေးကောက်ပွဲဥပဒေကို ဒုတိယအကြိမ် ပြင်ဆင်သည့် ဥပဒေကြမ်းကို လေ့လာစိစစ်ရာတွင် ယာယီသက်သေခံလက်မှတ် ကိုင်ဆောင်ထားသူများကို ဆန္ဒမဲပေးခွင့်ပြုခြင်းသည် ဖွဲ့စည်းပုံအခြေခံဥပဒေနှင့် ညီညွတ်ခြင်းမရှိသည့်အတွက် ပြည်သူ့လွှတ်တော်၏ ပြင်ဆင်ချက်များ သည် သင့်လျော်မှု ရှိပါသဖြင့် ပြည်သူ့လွှတ်တော်၏ အတည်ပြုချက်အတိုင်း ဆက်လက်ထားရှိသင့် ပါကြောင်း လေ့လာ တွေ့ရှိရပါသည်။

ကော်မတီ၏သဘောထားမှတ်ချက်

၃။ သို့ဖြစ်ပါ၍ အမျိုးသားလွှတ်တော်၊ ဥပဒေကြမ်းကော်မတီသည် ပြည်သူ့လွှတ်တော်ရွေးကောက်ပွဲဥပဒေကို ဒုတိယအကြိမ် ပြင်ဆင်သည့်ဥပဒေကြမ်းအပေါ် ထပ်မံပြင်ဆင်ဖြည့်စွက်ရန် မရှိပါသဖြင့် ပြည်သူ့လွှတ်တော်၏ အတည်ပြုချက်များအတိုင်း အမျိုးသားလွှတ်တော်က အတည်ပြုဆောင်ရွက် နိုင်ပါရန် တင်ပြအပ်ပါသည်။

အမျိုးသားလွှတ်တော်၊ ဥပဒေကြမ်းကော်မတီ

အားလုံးကို ကျေးဇူးတင်ပါတယ်။

**အမျိုးသားလွှတ်တော် ဒုတိယဥက္ကဋ္ဌက ပြည်သူ့လွှတ်တော်က ပြင်ဆင်ချက်မရှိ အတည်ပြုပြီး ပေးပို့လာသော ပြည်သူ့လွှတ်တော် ရွေးကောက်ပွဲ ဥပဒေကို ဒုတိယအကြိမ် ပြင်ဆင်သည့် ဥပဒေကြမ်းအား ဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ်များရှိလျှင် အမည်စာရင်း တင်သွင်းနိုင်ကြောင်း ကြေညာခြင်း**

**အချိန်၊ ၁၀း၃၆။**

**ဒုတိယဥက္ကဋ္ဌ။** ။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။ ပြည်သူ့လွှတ်တော်က ပြင်ဆင်ချက်မရှိ အတည်ပြုပြီး ပေးပို့လာသော ပြည်သူ့လွှတ်တော် ရွေးကောက်ပွဲ ဥပဒေကို ဒုတိယအကြိမ် ပြင်ဆင်သည့် ဥပဒေကြမ်းအား ဆွေးနွေးမယ့် လွှတ်တော် ကိုယ်စားလှယ်များ ဆွေးနွေးလိုသည့် အကြောင်းအရာအကျဉ်းချုပ်ကို ဖော်ပြလက်မှတ်ရေးထိုးပြီး ၁-၆-၂၀၁၅ (တနင်္လာနေ့) ထက် နောက်မကျဘဲ အမျိုးသားလွှတ်တော်ရုံး၊ ညွှန်ကြားရေးမှူးချုပ်ထံ အမည်စာရင်း တင်သွင်းနိုင်ပါတယ်။

**အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီဥက္ကဋ္ဌ သို့မဟုတ် ယင်းကတာဝန် ပေးအပ်သည့်ပုဂ္ဂိုလ်က ပြည်သူ့လွှတ်တော်က ပြင်ဆင်ချက်မရှိ အတည်ပြုပြီး ပေးပို့လာသော အမျိုးသားလွှတ်တော် ရွေးကောက်ပွဲ ဥပဒေကို ဒုတိယအကြိမ် ပြင်ဆင်သည့် ဥပဒေကြမ်းအား အမျိုးသားလွှတ်တော်က ဆွေးနွေးနိုင်ရန် ဥပဒေကြမ်းကော်မတီ၏ အစီရင်ခံစာကို ဖတ်ကြား တင်သွင်းခြင်း**

**အချိန်၊ ၁၀း၃၇။**

**ဒုတိယဥက္ကဋ္ဌ။** ။ အစီအစဉ်(၈)ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။ အမျိုးသားလွှတ်တော် ရွေးကောက်ပွဲ ဥပဒေကို ဒုတိယအကြိမ် ပြင်ဆင်သည့် ဥပဒေကြမ်းအား ပြည်သူ့လွှတ်တော်တွင် စတင် ဆွေးနွေးပြီး ပြင်ဆင်ချက်မရှိ အတည်ပြု၍ အမျိုးသားလွှတ်တော်သို့ ပေးပို့လာပါတယ်။ အဆိုပါ ဥပဒေကြမ်းကို အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များထံ ကြိုတင်ဖြန့်ဝေထားပြီး ဖြစ်ပါတယ်။

ပြည်သူ့လွှတ်တော်က ပြင်ဆင်ချက်မရှိ အတည်ပြုပြီး ပေးပို့လာသော အမျိုးသားလွှတ်တော် ရွေးကောက်ပွဲ ဥပဒေကို ဒုတိယအကြိမ် ပြင်ဆင်သည့် ဥပဒေကြမ်းအား အမျိုးသား လွှတ်တော်တွင် ဆွေးနွေးနိုင်ရန် ဥပဒေကြမ်းကော်မတီ၏ အစီရင်ခံစာကို ကော်မတီက ဖတ်ကြားတင်သွင်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၃၇။**

**ဦးစိုင်းတင်အောင်(အဖွဲ့ဝင်၊ ဥပဒေကြမ်းကော်မတီ)။** ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော် ဒုတိယဥက္ကဋ္ဌနဲ့တကွ ဒုတိယဝန်ကြီး၊ ကော်မရှင်အဖွဲ့ဝင် ပညာရှင်များနဲ့တကွ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များအားလုံး မင်္ဂလာပါလို့ နှုတ်ခွန်းဆက်သ ဂါရဝပြုအပ်ပါတယ်ခင်ဗျား။ ကျွန်တော်ကတော့ ကချင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၅)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်၊ အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီအဖွဲ့ဝင် ဦးစိုင်းတင်အောင် ပဲဖြစ်ပါတယ်။ ကော်မတီရဲ့ တာဝန်ပေးချက်အရ အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီ၏ အမျိုးသားလွှတ်တော် ရွေးကောက်ပွဲ ဥပဒေကို ဒုတိယအကြိမ် ပြင်ဆင်တဲ့ ဥပဒေကြမ်းအပေါ် စိစစ်တင်ပြခြင်း အစီရင်ခံစာကို ဖတ်ကြားတင်ပြသွားမှာဖြစ်ပါတယ်။

အမျိုးသားလွှတ်တော်၊ ဥပဒေကြမ်းကော်မတီ၏
အမျိုးသားလွှတ်တော်ရွေးကောက်ပွဲဥပဒေကို ဒုတိယအကြိမ် ပြင်ဆင်သည့်ဥပဒေကြမ်းအပေါ်
စိစစ်တင်ပြခြင်းအစီရင်ခံစာ

စာအမှတ်၊ ၁/အမ(ကော်မတီ-၁)၁ / ၂၀၁၅ - ၂၉၉
ရက်စွဲ ၊ ၂၀၁၅ ခုနှစ် ၊ မေလ ၂၇ ရက်

၁။ ပြည်သူ့လွှတ်တော်က အမျိုးသားလွှတ်တော် ရွေးကောက်ပွဲဥပဒေကို ဒုတိယအကြိမ် ပြင်ဆင်သည့် ဥပဒေကြမ်းကို (၂၅-၅-၂၀၁၅) ရက်နေ့တွင် ပြင်ဆင်ချက်မရှိ သဘောတူအတည်ပြုပြီး အမျိုးသားလွှတ်တော်တွင် ဆွေးနွေးနိုင်ရန်အတွက် ပေးပို့လာပါသည်။ အမျိုးသားလွှတ်တော်၊ ဥပဒေကြမ်း ကော်မတီသည် ယင်းဥပဒေကြမ်းကို အမျိုးသားလွှတ်တော်၊ နိုင်ငံရေး၊ စီးပွားရေးနှင့် ဥပဒေရေးရာ ကော်မရှင်မှ ပညာရှင်များနှင့် (၂၇-၅-၂၀၁၅)ရက်နေ့တွင် လေ့လာစိစစ်ခဲ့ပါသည်။

လေ့လာတွေ့ရှိချက်

၂။ အမျိုးသားလွှတ်တော်၊ ဥပဒေကြမ်းကော်မတီသည် ပြည်သူ့လွှတ်တော်က အတည်ပြုသည့် အမျိုးသားလွှတ်တော်ရွေးကောက်ပွဲဥပဒေကို ဒုတိယအကြိမ် ပြင်ဆင်သည့် ဥပဒေကြမ်းကို လေ့လာ စိစစ်ရာတွင် ယာယီသက်သေခံလက်မှတ် ကိုင်ဆောင်ထားသူများကို ဆန္ဒမဲပေးခွင့်ပြုခြင်းသည် ဖွဲ့စည်းပုံ အခြေခံဥပဒေနှင့် ညီညွတ်ခြင်းမရှိသည့်အတွက် ပြည်သူ့လွှတ်တော်၏ ပြင်ဆင်ချက်များသည် သင့်လျော်မှု ရှိပါသဖြင့် ပြည်သူ့လွှတ်တော်၏ အတည်ပြုချက်အတိုင်း ဆက်လက်ထားရှိသင့်ပါကြောင်း လေ့လာ တွေ့ရှိရပါသည်။

ကော်မတီ၏သဘောထားမှတ်ချက်

၃။ သို့ဖြစ်ပါ၍ အမျိုးသားလွှတ်တော်၊ ဥပဒေကြမ်းကော်မတီသည် အမျိုးသားလွှတ်တော် ရွေးကောက်ပွဲဥပဒေကို ဒုတိယအကြိမ် ပြင်ဆင်သည့် ဥပဒေကြမ်းအပေါ် ထပ်မံပြင်ဆင်ဖြည့်စွက်ရန် မရှိပါသဖြင့် ပြည်သူ့လွှတ်တော်၏ အတည်ပြုချက်များအတိုင်း အမျိုးသားလွှတ်တော်က အတည်ပြု ဆောင်ရွက်နိုင်ပါရန် တင်ပြအပ်ပါသည်။

အမျိုးသားလွှတ်တော်၊ ဥပဒေကြမ်းကော်မတီ

**အမျိုးသားလွှတ်တော် ဒုတိယဥက္ကဋ္ဌက ပြည်သူ့လွှတ်တော်က ပြင်ဆင်ချက်မရှိအတည်ပြုပြီး ပေးပို့လာသော အမျိုးသားလွှတ်တော် ရွေးကောက်ပွဲဥပဒေကို ဒုတိယအကြိမ် ပြင်ဆင်သည့် ဥပဒေကြမ်းအား ဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ်များရှိလျှင် အမည်စာရင်း တင်သွင်းနိုင်ကြောင်း ကြေညာခြင်း**

**အချိန်၊ ၁၀း၃၉။**

**ဒုတိယဥက္ကဋ္ဌ။** ။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။ ပြည်သူ့လွှတ်တော်က ပြင်ဆင်ချက်မရှိ အတည်ပြုပြီး ပေးပို့လာသော အမျိုးသားလွှတ်တော် ရွေးကောက်ပွဲ ဥပဒေကို ဒုတိယ အကြိမ် ပြင်ဆင်သည့် ဥပဒေကြမ်းအား ဆွေးနွေးမယ့် လွှတ်တော် ကိုယ်စားလှယ် များ ဆွေးနွေးလိုသည့် အကြောင်းအရာ အကျဉ်းချုပ်ကို ဖော်ပြလက်မှတ်ရေးထိုးပြီး ၁-၆-၂၀၁၅ (တနင်္လာနေ့)ထက် နောက်မကျ ဘဲ အမျိုးသားလွှတ်တော်ရုံး၊ ညွှန်ကြားရေးမှူးချုပ်ထံ အမည်စာရင်း တင်သွင်းနိုင်ပါတယ်။

**အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီဥက္ကဋ္ဌ သို့မဟုတ် ယင်းကတာဝန် ပေးအပ်သည့်ပုဂ္ဂိုလ်က ပြည်သူ့လွှတ်တော်က ပြင်ဆင်ချက်မရှိ အတည်ပြုပြီး ပေးပို့လာသော တိုင်းဒေသကြီး လွှတ်တော် သို့မဟုတ် ပြည်နယ်လွှတ်တော် ရွေးကောက်ပွဲ ဥပဒေကို ဒုတိယအကြိမ် ပြင်ဆင်သည့် ဥပဒေကြမ်းအား အမျိုးသား လွှတ်တော်က ဆွေးနွေးနိုင်ရန် ဥပဒေကြမ်းကော်မတီ၏ အစီရင်ခံစာကို ဖတ်ကြားတင်သွင်းခြင်း**

**အချိန်၊ ၁၀း၃၉။**

**ဒုတိယဥက္ကဋ္ဌ။** ။ အစီအစဉ်(၁၀)ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။ တိုင်းဒေသကြီး လွှတ်တော် သို့မဟုတ် ပြည်နယ်လွှတ်တော် ရွေးကောက်ပွဲ ဥပဒေကို ဒုတိယ အကြိမ် ပြင်ဆင်သည့် ဥပဒေကြမ်းအား ပြည်သူ့လွှတ်တော်တွင် စတင်ဆွေးနွေးပြီး ပြင်ဆင်ချက်မရှိ အတည်ပြု၍ အမျိုးသားလွှတ်တော်သို့ ပေးပို့လာပါတယ်။ အဆိုပါ ဥပဒေကြမ်းကို အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များထံ ကြိုတင်ဖြန့်ဝေထားပြီး ဖြစ်ပါတယ်။

ပြည်သူ့လွှတ်တော်က ပြင်ဆင်ချက်မရှိ အတည်ပြုပြီး ပေးပို့လာသော တိုင်းဒေသကြီး လွှတ်တော် သို့မဟုတ် ပြည်နယ် လွှတ်တော် ရွေးကောက်ပွဲ ဥပဒေကို ဒုတိယအကြိမ် ပြင်ဆင်သည့် ဥပဒေကြမ်းအား အမျိုးသားလွှတ်တော်တွင် ဆွေးနွေးနိုင်ရန် ဥပဒေကြမ်းကော်မတီ၏ အစီရင်ခံစာကို ကော်မတီက ဖတ်ကြားတင်သွင်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၄၀။**

**ဦးဟာရှိန်းဘွေ(အဖွဲ့ဝင်၊ ဥပဒေကြမ်းကော်မတီ)။** ။ လေးစားအပ်ပါသော အမျိုးသား လွှတ်တော် ဒုတိယဥက္ကဋ္ဌနဲ့ ဒုတိယဝန်ကြီး၊ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များအားလုံး မင်္ဂလာပါလို့ ရှေးဦးစွာ နှုတ်ခွန်းဆက်သ ဂါရဝပြုအပ်ပါတယ်။ ကျွန်တော်ကတော့ ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၈)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်၊ အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီ အဖွဲ့ဝင် ဦးဟာရှိန်းဘွေ ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီရဲ့ တာဝန်ပေးချက်အရ လွှတ်တော်ဥပဒေကြမ်းကော်မတီရဲ့ တိုင်းဒေသကြီးလွှတ်တော် သို့မဟုတ် ပြည်နယ် လွှတ်တော် ရွေးကောက်ပွဲ ဥပဒေကို ဒုတိယအကြိမ် ပြင်ဆင်သည့် ဥပဒေကြမ်းအပေါ် စိစစ်တင်ပြခြင်း အစီရင်ခံစာကို ဖတ်ကြား တင်သွင်းမှာ ဖြစ်ပါတယ်။

အမျိုးသားလွှတ်တော်၊ ဥပဒေကြမ်းကော်မတီ၏
တိုင်းဒေသကြီးလွှတ်တော် သို့မဟုတ် ပြည်နယ်လွှတ်တော်ရွေးကောက်ပွဲဥပဒေကို ဒုတိယအကြိမ်
ပြင်ဆင်သည့်ဥပဒေကြမ်းအပေါ် စိစစ်တင်ပြခြင်းအစီရင်ခံစာ

စာအမှတ်၊ ၁/အမ(ကော်မတီ-၁)၁ /၂၀၁၅ -
ရက်စွဲ၊ ၂၀၁၅ ခုနှစ် ၊ မေလ ၂၇ ရက်

၁။ ပြည်သူ့လွှတ်တော်က တိုင်းဒေသကြီးလွှတ်တော် သို့မဟုတ် ပြည်နယ်လွှတ်တော် ရွေးကောက်ပွဲ ဥပဒေကို ဒုတိယအကြိမ် ပြင်ဆင်သည့် ဥပဒေကြမ်းကို ၂၅-၅-၂၀၁၅ ရက်နေ့တွင် ပြင်ဆင်ချက်မရှိ သဘောတူအတည်ပြုပြီး အမျိုးသားလွှတ်တော်တွင် ဆွေးနွေးနိုင်ရန်အတွက် ပေးပို့လာပါသည်။ အမျိုးသားလွှတ်တော်၊ ဥပဒေကြမ်းကော်မတီသည် ယင်းဥပဒေကြမ်းကို အမျိုးသားလွှတ်တော်၊ နိုင်ငံရေး၊

စီးပွားရေးနှင့် ဥပဒေရေးရာကော်မရှင်မှ ပညာရှင်များနှင့် ၂၇-၅-၂၀၁၅ ရက်နေ့တွင် လေ့လာစိစစ်ခဲ့ပါသည်။

လေ့လာတွေ့ရှိချက်

၂။ အမျိုးသားလွှတ်တော်၊ ဥပဒေကြမ်းကော်မတီသည် ပြည်သူ့လွှတ်တော်က အတည်ပြုသည့် တိုင်းဒေသကြီးလွှတ်တော် သို့မဟုတ် ပြည်နယ်လွှတ်တော်ရွေးကောက်ပွဲဥပဒေကို ဒုတိယအကြိမ် ပြင်ဆင်သည့် ဥပဒေကြမ်းကို လေ့လာစိစစ်ရာတွင် ယာယီသက်သေခံလက်မှတ် ကိုင်ဆောင်ထားသူများကို ဆန္ဒမဲပေးခွင့်ပြုခြင်းသည် ဖွဲ့စည်းပုံအခြေခံဥပဒေနှင့် ညီညွတ်ခြင်းမရှိသည့်အတွက် ပြည်သူ့လွှတ်တော်၏ ပြင်ဆင်ချက်များသည် သင့်လျော်မှုရှိပါသဖြင့် ပြည်သူ့လွှတ်တော်၏ အတည်ပြုချက်အတိုင်း ဆက်လက်ထားရှိသင့်ပါကြောင်း လေ့လာတွေ့ရှိရပါသည်။

ကော်မတီ၏သဘောထားမှတ်ချက်

၃။ သို့ဖြစ်ပါ၍ အမျိုးသားလွှတ်တော်၊ ဥပဒေကြမ်းကော်မတီသည် တိုင်းဒေသကြီးလွှတ်တော် သို့မဟုတ် ပြည်နယ်လွှတ်တော်ရွေးကောက်ပွဲ ဥပဒေကို ဒုတိယအကြိမ် ပြင်ဆင်သည့် ဥပဒေကြမ်း အပေါ် ထပ်မံပြင်ဆင်ဖြည့်စွက်ရန် မရှိပါသဖြင့် ပြည်သူ့လွှတ်တော်၏ အတည်ပြုချက်များအတိုင်း အမျိုးသားလွှတ်တော်က အတည်ပြုဆောင်ရွက်နိုင်ပါရန် တင်ပြအပ်ပါသည်။

အမျိုးသားလွှတ်တော်၊ ဥပဒေကြမ်းကော်မတီ

**အမျိုးသားလွှတ်တော် ဒုတိယဥက္ကဋ္ဌက ပြည်သူ့လွှတ်တော်က ပြင်ဆင်ချက်မရှိ အတည်ပြုပြီး ပေးပို့လာသော တိုင်းဒေသကြီးလွှတ်တော် သို့မဟုတ် ပြည်နယ်လွှတ်တော် ရွေးကောက်ပွဲ ဥပဒေကို ဒုတိယအကြိမ် ပြင်ဆင်သည့် ဥပဒေကြမ်းအား ဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ်များရှိလျှင် အမည်စာရင်း တင်သွင်းနိုင်ကြောင်း ကြေညာခြင်း**

**အချိန်၊ ၁၀း၄၂။**

**ဒုတိယဥက္ကဋ္ဌ။** ။ အစီအစဉ်(၁၁)ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။ တိုင်းဒေသကြီးလွှတ်တော် သို့မဟုတ် ပြည်နယ်လွှတ်တော် ရွေးကောက်ပွဲ ဥပဒေကို ဒုတိယအကြိမ် ပြင်ဆင်သည့် ဥပဒေကြမ်းအား ဆွေးနွေးမယ့် လွှတ်တော် ကိုယ်စားလှယ်များ ဆွေးနွေးလိုသည့် အကြောင်းအရာ အကျဉ်းချုပ်ကို ဖော်ပြလက်မှတ် ရေးထိုးပြီး ၁-၆-၂၀၁၅(တနင်္လာနေ့)ထက် နောက်မကျဘဲ အမျိုးသားလွှတ်တော်ရုံး၊ ညွှန်ကြားရေးမှူးချုပ်ထံ အမည်စာရင်း တင်သွင်းနိုင်ပါတယ်။

**ယဉ်ကျေးမှုဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီးက ရှေးဟောင်းအဆောက်အအုံများ ကာကွယ်ထိန်းသိမ်းရေး ဥပဒေကြမ်းကို အမျိုးသားလွှတ်တော်က ဆွေးနွေးစဉ်းစားရန် အဆိုတင်သွင်းခြင်းနှင့် လွှတ်တော်ကိုယ်စားလှယ် တစ်ဦးက ထောက်ခံခြင်း**

**အချိန်၊ ၁၀း၄၃။**

**ဒုတိယဥက္ကဋ္ဌ။** ။ အစီအစဉ်(၁၂)ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။ ယခု အမျိုးသားလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၁၅၄၊ နည်းဥပဒေခွဲ(က) အရ ရှေးဟောင်း အဆောက်အအုံများ ကာကွယ်ထိန်းသိမ်းရေး ဥပဒေကြမ်းအား အမျိုးသားလွှတ်တော်က ဆွေးနွေး

စဉ်းစားရန် အဆိုကို ယဉ်ကျေးမှုဝန်ကြီးဌာန၊ ဒုတိယဝန်ကြီး ဦးသန်းဆွေက အမျိုးသားလွှတ်တော်သို့ တင်သွင်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၄၄။**

**ဦးသန်းဆွေ(ဒုတိယဝန်ကြီး၊ ယဉ်ကျေးမှုဝန်ကြီးဌာန)။** ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော် ဒုတိယဥက္ကဋ္ဌကြီးနဲ့ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်တော်ကြီးများအားလုံး ကိုယ်စိတ်နှစ်ဖြာကျန်းမာချမ်းသာပြီး မင်္ဂလာအပေါင်းနဲ့ ပြည့်စုံပါစေလို့ ဆုမွန်ကောင်းတောင်း အပ်ပါတယ်ခင်ဗျား။ ကျွန်တော်ကတော့ ယဉ်ကျေးမှုဝန်ကြီးဌာန၊ ဒုတိယဝန်ကြီး ဦးသန်းဆွေ ဖြစ်ပါတယ်။ ယနေ့ အစည်းအဝေး အစီအစဉ်မှာ ပါရှိတဲ့အတိုင်း ရှေးဟောင်းအဆောက်အအုံများ ကာကွယ်ထိန်းသိမ်းရေး ဥပဒေမူကြမ်းအား အမျိုးသားလွှတ်တော်က ဆွေးနွေးစဉ်းစားပေးနိုင်ပါရန် အဆိုတင်သွင်းအပ်ပါတယ် ခင်ဗျား။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**အချိန်၊ ၁၀း၄၅။**

**ဒုတိယဥက္ကဋ္ဌ။** ။ အဆိုကို ထောက်ခံမယ့် လွှတ်တော်ကိုယ်စားလှယ်ကို ဖိတ်ခေါ်ပါတယ်။

**အချိန်၊ ၁၀း၄၅။**

**ဦးထွန်းဇော်(ခ)ကိုပေါက်၊ ပဲခူးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၂)။** ။ လေးစားအပ်ပါသော အမျိုးသား လွှတ်တော် ဒုတိယဥက္ကဋ္ဌကြီးခင်ဗျား။ ယဉ်ကျေးမှုဝန်ကြီးဌာန၊ ဒုတိယဝန်ကြီးက ရှေးဟောင်းအဆောက်အအုံများ ကာကွယ်ထိန်းသိမ်းရေး ဥပဒေမူကြမ်းကို အမျိုးသားလွှတ်တော်က ဆွေးနွေးစဉ်းစားပေးနိုင်ပါရန် အဆိုတင်သွင်းခြင်းကို ကျွန်တော် ပဲခူးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ် (၁၂)က ဦးထွန်းဇော် က ထောက်ခံပါတယ်ခင်ဗျား။

**အချိန်၊ ၁၀း၂၀။**

**ဒုတိယဥက္ကဋ္ဌ။** ။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ရှေးဟောင်းအဆောက်အအုံများ ကာကွယ်ထိန်းသိမ်းရေး ဥပဒေကြမ်းကို လွှတ်တော်ကိုယ်စားလှယ်များထံ ကြိုတင်ဖြန့်ဝေထားပြီး ဖြစ်ပါတယ်။

## အမျိုးသားလွှတ်တော်ဒုတိယဥက္ကဋ္ဌက ရှေးဟောင်းအဆောက်အအုံများ ကာကွယ်ထိန်းသိမ်းရေး ဥပဒေကြမ်းကို လက်ခံဆွေးနွေးစဉ်းစားရန် သင့်/မသင့် အမျိုးသားလွှတ်တော်၏ အဆုံးအဖြတ် ရယူခြင်း

**အချိန်၊ ၁၀း၄၅။**

**ဒုတိယဥက္ကဋ္ဌ။** ။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ရှေးဟောင်းအဆောက်အအုံများ ကာကွယ်ထိန်းသိမ်းရေး ဥပဒေကြမ်းကို အမျိုးသားလွှတ်တော်က ဆွေးနွေးစဉ်းစားရန် သင့် မသင့် လွှတ်တော်ရဲ့ သဘောထား ရယူမှာဖြစ်ပါတယ်။

ရှေးဟောင်းအဆောက်အအုံများ ကာကွယ်ထိန်းသိမ်းရေး ဥပဒေကြမ်းကို ဆွေးနွေးစဉ်းစားရန် လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။

[သဘောမတူသူ မရှိပါ။]

သဘောမတူတဲ့သူမရှိတဲ့အတွက် ရွေးကောက်ခံအဖွဲ့ များ ကာကွယ်ထိန်းသိမ်းရေး ဥပဒေကြမ်းကို အမျိုးသား လွှတ်တော်က ဆွေးနွေးစဉ်းစားရန်ဖြစ်ကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

**အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီဥက္ကဋ္ဌ သို့မဟုတ် ယင်းက တာဝန်ပေးအပ်သည့်ပုဂ္ဂိုလ်က ရွေးကောက်ခံအဖွဲ့ များ ကာကွယ်ထိန်းသိမ်းရေး ဥပဒေကြမ်းနှင့်စပ်လျဉ်း၍ ဥပဒေကြမ်းကော်မတီ၏ အစီရင်ခံစာကို ဖတ်ကြားတင်သွင်းခြင်း**

**အချိန်၊ ၁၀း၄၆။**

**ဒုတိယဥက္ကဋ္ဌ။** ။ အစီအစဉ်(၁၄)ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။ ရွေးကောက်ခံအဖွဲ့များ ကာကွယ်ထိန်းသိမ်းရေး ဥပဒေကြမ်းနှင့် စပ်လျဉ်း၍ ဥပဒေကြမ်းကော်မတီ၏ အစီရင်ခံစာ ကို ကော်မတီက ဖတ်ကြားတင်သွင်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၄၆။**

**ဦးဝင်းမောင် (အဖွဲ့ဝင်၊ ဥပဒေကြမ်းကော်မတီ)။** ။ လေးစားအပ်ပါသော အမျိုးသား လွှတ်တော် ဒုတိယဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်ကတော့ မန္တလေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၂)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်၊ အမျိုးသားလွှတ်တော် ဥပဒေကြမ်း ကော်မတီအဖွဲ့ဝင်ဦးဝင်းမောင် ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီရဲ့ တာဝန်ပေးချက်အရ ရွေးကောက်ခံအဖွဲ့များ ကာကွယ်ထိန်းသိမ်းရေး ဥပဒေကြမ်းအပေါ် စိစစ်တင်ပြခြင်း အစီရင်ခံစာကို ကျွန်တော်ဖတ်ကြားတင်ပြမှာဖြစ်ပါတယ်။

အမျိုးသားလွှတ်တော်၊ ဥပဒေကြမ်းကော်မတီ၏
ရွေးကောက်ခံအဖွဲ့များ ကာကွယ်ထိန်းသိမ်းရေး ဥပဒေကြမ်းအပေါ်
စိစစ်တင်ပြခြင်းအစီရင်ခံစာ

စာအမှတ်၊၁/အမ(ကော်မတီ-၁)၁/ ၂၀၁၅-၂၉၇
ရက်စွဲ၊ ၂၀၁၅ ခုနှစ်၊ မေလ ၂၆ ရက်

၁။ ပြည်ထောင်စုလွှတ်တော်က ရွေးကောက်ခံအဖွဲ့များ ကာကွယ်ထိန်းသိမ်းရေး ဥပဒေကြမ်းကို အမျိုးသားလွှတ်တော်၌ စတင်ဆွေးနွေးနိုင်ပါရန် ၂၃-၄-၂၀၁၅ ရက်နေ့တွင် ပေးပို့လာပါသည်။ ယင်းဥပဒေကြမ်းနှင့် စပ်လျဉ်း၍ အမျိုးသားလွှတ်တော်၊ ဥပဒေကြမ်းကော်မတီသည် နိုင်ငံရေး၊ စီးပွားရေးနှင့် ဥပဒေရေးရာကော်မရှင်မှ တာဝန်ရှိပုဂ္ဂိုလ်များ၊ ယဉ်ကျေးမှုဝန်ကြီးဌာနမှ တာဝန်ရှိပုဂ္ဂိုလ်များ နှင့် ၁၄-၅-၂၀၁၅၊ ၁၅-၅-၂၀၁၅၊ ၁၈-၅-၂၀၁၅ နှင့် ၁၉-၅-၂၀၁၅ ရက်နေ့တွင် အကြိမ်ကြိမ် တွေ့ဆုံပြီး ညှိနှိုင်းဆွေးနွေးခဲ့ပါသည်။

လေ့လာတွေ့ရှိချက်

၂။ အမျိုးသားလွှတ်တော်၊ ဥပဒေကြမ်းကော်မတီသည် ဤဥပဒေကြမ်းကို လေ့လာစိစစ်ရာတွင် ရှေးဟောင်းအဆောက်အအုံများ ကာကွယ်ထိန်းသိမ်းရေး ဥပဒေကို ပြဋ္ဌာန်းခဲ့သည်မှာ နှစ်ပေါင်း (၅၀) ကျော် ကြာမြင့်လာပြီဖြစ်သဖြင့် ပြောင်းလဲလာသော ခေတ်စနစ်နှင့် လိုက်လျောညီထွေမှု ရှိစေရန် အတွက်လည်းကောင်း၊ ရှေးဟောင်းအဆောက်အအုံများ အဓွန့်ရှည်တည်တံ့စေရေးအတွက် မူဝါဒကို ချမှတ် အကောင်အထည်ဖော်နိုင်ရန် အတွက်လည်းကောင်း၊ ရှေးဟောင်း အဆောက်အအုံများကို အကြောင်းအမျိုးမျိုးကြောင့် ယိုယွင်းပျက်စီးခြင်း မရှိစေရန်နှင့် ကာကွယ်ထိန်းသိမ်းနိုင်ရန်အတွက် လည်းကောင်း၊ ရှေးဟောင်းအဆောက်အအုံများကို ကာကွယ်ထိန်းသိမ်းမှုနှင့် စပ်လျဉ်း၍ နိုင်ငံတော် က သဘောတူ လက်ခံထားသော အပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်း၊ ဒေသဆိုင်ရာ သဘောတူညီချက် များ၊ စည်းမျဉ်းနှင့် စည်းကမ်းများကို မူဝါဒများနှင့်အညီ ဆောင်ရွက်နိုင်စေရန်အတွက် လည်းကောင်း အစရှိသော ရည်ရွယ်ချက်ကောင်းများဖြင့် ရေးဆွဲထားခြင်းဖြစ်ကြောင်း လေ့လာ တွေ့ရှိရပါသည်။

၃။ ရှေးဟောင်းအဆောက်အအုံများ ကာကွယ်ထိန်းသိမ်းရေး ဥပဒေကြမ်းသည် ဖွဲ့စည်းပုံ အခြေခံဥပဒေပါ ပြဋ္ဌာန်းချက်များနှင့် လည်းကောင်း၊ အခြားတည်ဆဲဥပဒေများနှင့် လည်းကောင်း၊ ဥပဒေရေးထုံး မှန်ကန်မှုရှိစေရန်အတွက် လည်းကောင်း၊ လက်တွေ့လုပ်ငန်း ဆောင်ရွက်ရာတွင် ခေတ်ကာလနှင့် လျော်ညီသောပြစ်ဒဏ်များကို ချမှတ်နိုင်ရန်အတွက်လည်းကောင်း စိစစ်၊ ပြင်ဆင်ဆောင်ရွက်ထားရှိကြောင်း လေ့လာတွေ့ရှိရပါသည်။

၄။ အသေးစိတ်ပြင်ဆင်ချက်များကို ကန့်လန့်ဖြတ်ဇယားဖြင့် ပူးတွဲတင်ပြအပ်ပါသည်။

ကော်မတီ၏ သဘောထားမှတ်ချက်

၅။ သို့ဖြစ်ပါ၍ အမျိုးသားလွှတ်တော်၊ ဥပဒေကြမ်းကော်မတီသည် ရှေးဟောင်းအဆောက် အအုံများ ကာကွယ်ထိန်းသိမ်းရေး ဥပဒေကြမ်းကို နိုင်ငံရေး၊ စီးပွားရေးနှင့် ဥပဒေရေးရာ ကော်မရှင်မှ တာဝန်ရှိပုဂ္ဂိုလ်များ၊ ယဉ်ကျေးမှုဝန်ကြီးဌာနမှ တာဝန်ရှိပုဂ္ဂိုလ်များနှင့် ညှိနှိုင်းဆွေးနွေးခဲ့ပြီး ပြင်ဆင်ဖြည့်စွက်ထားခြင်းဖြစ်၍ အမျိုးသားလွှတ်တော်က အတည်ပြုဆောင်ရွက်နိုင်ပါရန် အစီရင်ခံတင်ပြ အပ်ပါသည်။

အမျိုးသားလွှတ်တော်၊ ဥပဒေကြမ်းကော်မတီ

## အမျိုးသားလွှတ်တော်ဒုတိယဥက္ကဋ္ဌက ရှေးဟောင်းအဆောက်အအုံများ ကာကွယ်ထိန်းသိမ်းရေး ဥပဒေကြမ်းကို ဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ်များရှိလျှင် အမည်စာရင်း တင်သွင်းနိုင်ကြောင်း ကြေညာခြင်း

**အချိန်၊ ၁၀း၄၉။**

**ဒုတိယဥက္ကဋ္ဌ။** ။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။ ရှေးဟောင်း အဆောက်အအုံများ ကာကွယ်ထိန်းသိမ်းရေး ဥပဒေကြမ်းအား ဆွေးနွေးမယ့် လွှတ်တော်ကိုယ်စားလှယ် များ ဆွေးနွေးလိုသည့် အကြောင်းအရာ အကျဉ်းချုပ်ကို ဖော်ပြ လက်မှတ်ရေးထိုးပြီး ၁-၆-၂၀၁၅ (တနင်္လာနေ့) ထက် နောက်မကျဘဲ အမျိုးသားလွှတ်တော်ရုံး၊ ညွှန်ကြားရေးမှူးချုပ်ထံ အမည်စာရင်း တင်သွင်းနိုင်ပါတယ်။

**အမျိုးသားလွှတ်တော်ဒုတိယဥက္ကဋ္ဌက အမျိုးသားလွှတ်တော် (၅၄) ရက်မြောက်နေ့ အစည်းအဝေး ရပ်နားကြောင်းနှင့် (၅၅)ရက်မြောက်နေ့ အစည်းအဝေး ဆက်လက်ကျင်းပမည့် နေ့ရက်နှင့်အချိန်ကို ကြေညာခြင်း**

**အချိန်၊ ၁၀း၅၀။**

**ဒုတိယဥက္ကဋ္ဌ**။ ။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်ကြီးများခင်ဗျား။ ယခု အမျိုးသားလွှတ်တော် (၁၂)ကြိမ်မြောက် ပုံမှန်အစည်းအဝေး (၅၄)ရက်မြောက်နေ့ကို ရပ်နားပါမယ်။ ပထမအကြိမ် အမျိုးသားလွှတ်တော် (၁၂)ကြိမ်မြောက် ပုံမှန်အစည်းအဝေး (၅၅)ရက်မြောက်နေ့ကို ၂၀၁၅ ခုနှစ်၊ ဇွန်လ ၁ ရက်(တနင်္လာနေ့) နံနက် ၁၀း၀၀ နာရီအချိန်မှာ ဆက်လက်ကျင်းပမည် ဖြစ်ကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

**အခမ်းအနားမှူး**။ ။ အမျိုးသားလွှတ်တော် ဒုတိယဥက္ကဋ္ဌ ပြန်လည်ထွက်ခွာပါပြီ ခင်ဗျား။

**အခမ်းအနားမှူး**။ ။ အားလုံး ထွက်ခွာနိုင်ကြပါပြီခင်ဗျား။

[ပထမအကြိမ် အမျိုးသားလွှတ်တော် (၁၂)ကြိမ်မြောက် ပုံမှန်အစည်းအဝေး (၅၄)ရက်မြောက်နေ့ကို ၁၀း၅၁ နာရီအချိန်တွင် ရပ်နားပါသည်။]